ကပြင်ရပ်ဝန်း


ISP Insight Email

ISP Series

အတွဲ-၂၊ အမှတ်-၅ • ဩဂုတ် ၁၂ ရက်၊ ၂၀၂၄ ခုနှစ်

# နေပြည်တော်လိုဂျီ-၅
## စစ်ခေါင်းဆောင်နှင့် တကိုယ်တော်ရှိုး

ခေါင်းရှောင်လက်ညှိုးထိုး နိုင်ငံရေးလုပ်နေသော စစ်ခေါင်းဆောင်
ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ကံကြမ္မာသည် ကျဆုံးမည့်ဘက်သို့ ခြေလှမ်းပိုစိပ်လာသည်။



၂၀၂၄ ခုနှစ် ဇူလိုင် ၃၁ ရက်တွင်ပြုလုပ်သော ကာ/လုံအစည်းအဝေး (၂/၂၀၂၄)၌ စစ်ခေါင်းဆောင်ကို ရာထူးနှစ်ခုဖြင့် တွေ့ရစဉ်။

MNA

## အယ်ဒီတာမှတ်စု

**EDITOR'S NOTE**

နေပြည်တော်မှာရှိနေကြတဲ့ စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ စစ်ရေး၊ နိုင်ငံရေးစဉ်းစားချက်တွေအပြင် စနစ်၊ အုပ်စိုးမှု၊ အင်စတီကျူးရှင်း တည်ဆောက်ထားပုံ၊ သဘောတရားရေး ဝါဒအယူအကောက်နဲ့ ဆက်ဆံရေး၊ ပထဝီနိုင်ငံရေး၊ စီးပွားရေး၊ ပြည်သူလူထုထောက်ခံမှု စသဖြင့် သိုင်းဝိုင်းမှုတွေကို 'နေပြည်တော်လိုဂျီ (Naypyitawlogy)' ခေါင်းစဉ်နဲ့ ISP-Myanmar က သုတေသနပြုလေ့လာနေပါတယ်။

အာဏာသိမ်းမှုအလွန် သုံးနှစ်ကျော်ကာလအတွင်းမှာ နိုင်ငံနဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားအခြေအနေတွေက ဘက်ပေါင်းစုံမှာ ချွတ်ခြုံကျနေပါတယ်။ နိုင်ငံအနှံ့ လက်နက်ကိုင်ပဋိပက္ခတွေကလည်း ကြီးမားကျယ်ပြန့် ပြင်းထန်နေပြီး မြန်မာစစ်တပ်ဘက်မှာလည်း တိုင်းစစ်ဌာနချုပ်ကြီးတခုလုံး ကျရှုံးသွားတဲ့အထိ ရာဇဝင်တွင်လောက်တဲ့ အကျိုးဆက်တွေ ဖြစ်နေပါတယ်။ ဒီအခြေအနေမှာ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကတော့ ဖြစ်သမျှတွေအတွက် သူ့အမှား တစက်မှမပါသလိုမျိုးနဲ့ တခြားကိုပဲလှည့်ပတ်ပြီး လက်ညှိုးထိုး အပြစ်ဖို့နေပါတယ်။ ဒီတပတ် နေပြည်တော်လိုဂျီ-၅ မှာ ထင်တိုင်းကြဲ ဆုံးဖြတ်မှုတွေနဲ့ ခေါင်းရှောင်လက်ညှိုးထိုးနိုင်ငံရေးလုပ်နေတဲ့ စစ်ခေါင်းဆောင်ရဲ့ ကံကြမ္မာဟာ ကျဆုံးမယ့်ဘက်ကို ခြေလှမ်းပိုစိပ်လာတဲ့အကြောင်း တစိတ်တပိုင်း ဖော်ပြထားပါတယ်။

ဒါ့အပြင် စစ်ပွဲတွေအလယ်က နယ်စပ်ကုန်သွယ်ရေးအခြေအနေကိုလည်း ဖတ်ရပါမယ်။ 'စစ်ဆင်ရေး ၁၀၂၇' နောက်ပိုင်း တရုတ်နိုင်ငံနဲ့ အဓိက ကူးသန်းမှုလုပ်နေတဲ့ ရှမ်းမြောက်ကုန်သွယ်ရေးလမ်းက လုံးဝရပ်ဆိုင်းသွားပါပြီ။ အဲဒီအစား ရှမ်းအရှေ့ကုန်သွယ်ရေးလမ်းသစ်ဖော်ဆောင်ဖို့ စစ်ကောင်စီက ကြိုးပမ်းနေပေမဲ့ ခရီးပေါက်မယ့်အခြေအနေ မရှိသေးပါဘူး။ ဒါကို 'စောင့်ကြည့်ရမည့် ဖြစ်စဉ်များ' (Trends to watch) ကဏ္ဍမှာ သုံးသပ်ထားပါတယ်။ 'ISP က ဖတ်နေသည်များ' (What ISP is reading) ကဏ္ဍမှာတော့ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ နိုင်ငံရေးအလှည့်အပြောင်း ဒါမှမဟုတ် လူထုအောင်ပွဲအကြောင်းကို မျှဝေထားပါတယ်။ အဲဒါအပြင် တရုတ်ကွန်မြူနစ်ပါတီရဲ့ အကြိမ် ၂၀ မြောက် မျက်နှာစုံညီ အစည်းအဝေးနဲ့ နောက်လာမယ့်ငါးနှစ်အတွင်း တရုတ်နိုင်ငံရဲ့ ရည်မှန်းချက်တွေကိုလည်း မိတ်ဆက်ထားပါတယ်။ ■

သတိပြုစရာ အကြောင်းအချက်

KEY TAKEAWAY

# နေပြည်တော်လိုဂျီ-၅
## စစ်ခေါင်းဆောင်နှင့် တကိုယ်တော်ရှိုး

ခေါင်းရှောင်လက်ညှိုးထိုး နိုင်ငံရေးလုပ်နေသော စစ်ခေါင်းဆောင်
ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ကံကြမ္မာသည် ကျဆုံးမည့်ဘက်သို့ ခြေလှမ်းပိုစိပ်လာသည်။

---

စစ်အာဏာသိမ်းပြီး သုံးနှစ်ကျော်အကြာမှာ မြန်မာ့တပ်မတော်နဲ့ စစ်အာဏာသိမ်းခေါင်းဆောင်တွေအဖို့ ကြီးလေးတဲ့ပြဿနာတွေကို တိုးလို့ရင်ဆိုင်နေရပါပြီ။ စစ်ရေးအရ စစ်တိုင်း ၁၄ ခုရှိတဲ့အထဲ လားရှိုးက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် (ရမခ) ကျရှုံးသွားပြီး ကျန်တဲ့စစ်တိုင်းတွေထဲက ကိုးခုဟာ တိုက်ရိုက်စစ်မျက်နှာစာဖွင့် ရင်ဆိုင်နေရပါတယ်။ နေပြည်တော်တိုင်း၊ ရန်ကုန်တိုင်း၊ အနောက်တောင်တိုင်းနဲ့ တြိဂံဒေသတိုင်း လေးခုဟာလည်း ကျန်စစ်တိုင်းတွေအတွက် တပ်နှုတ်၊ စစ်ကူ လွှတ်ပေးနေရပါတယ်။ နယ်မြေ၊ တပ်ဖွဲ့၊ လက်နက်ခဲယမ်း အများအပြား ဆုံးရှုံးနေရပြီး လက်လွှတ်လိုက်ရတဲ့မြို့ ၇၄ မြို့ရှိနေရုံတင်မက မြေပြန့်ဒေသက မြို့ကြီးတွေပါ ခြိမ်းခြောက်ခံနေရပါတယ်။ ကျန်ကဏ္ဍအသီးသီးဖြစ်တဲ့ လူမှုစီးပွားပြဿနာတွေမှာလည်း မရှုနိုင်မကယ်နိုင် အခြေအနေနဲ့ ကြုံတွေ့နေရပါတယ်။ ထပ်ဆင့်ဆိုးဝါးတဲ့ရေဘေးနဲ့အတူ ဥတုဖောက်ပြန်မှုတွေကလည်း မြန်မာပြည်သူတွေအပေါ် အကြီးအကျယ် ခြိမ်းခြောက်နေပါတယ်။


မြန်မာစစ်အာဏာရှင်တွေ အခုရင်ဆိုင်နေရတဲ့ ပြဿနာဟာ ပြည်ပစွက်ဖက်မှုနဲ့ ပြည်ပဖိအားတွေကြောင့် မဟုတ်ပါဘူး။ အာဏာသိမ်းအကျိုးဆက်အဖြစ် လူထုကိုယ်တိုင်နဲ့ စစ်အာဏာရှင် ဆန့်ကျင်သူတွေရဲ့ တော်လှန်မှုကို ရင်ဆိုင်နေရတာပါ။ တဖက်မှာလည်း ပြည်တွင်းမှာရှိတဲ့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ်အောက် ဖိနှိပ်ခံရမှုနဲ့ သဘာဝကပ်ဘေးတွေအပြင် ‘လူလုပ်ကပ်ဘေး’၊ တနည်းဆိုရရင် စစ်ခေါင်းဆောင်ရဲ့ မူဝါဒစီမံခန့်ခွဲမှုအလွဲတွေကြောင့် ဖြစ်လာတဲ့ အကျပ်အတည်းတွေကို တိုးလို့ ရင်ဆိုင်နေရပါတယ်။ ဒါပေမဲ့ သုံးနှစ်ကျော်ကာလအတွင်းဖြစ်လာတဲ့ ဘက်စုံကျရှုံးမှုတွေအတွက် ဘယ်အာဏာသိမ်းစစ်ခေါင်းဆောင်ကမှ တာဝန်ယူတာဝန်ခံတာမျိုး လုံးဝ မတွေ့ရပါဘူး။

ဒီနေရာမှာ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ပဲ စတင်ရပါလိမ့်မယ်။ သူက တကိုယ်တော်ရှိုးပွဲ လုပ်ချင်သူပါ။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကျရှုံးခဲ့ပြီး ၂၀၂၄ ခုနှစ် ဩဂုတ် ၅ ရက်မှာ စစ်ခေါင်းဆောင်ဟာ နိုင်ငံတော်ရဲ့ လုံခြုံရေးဆိုင်ရာ အခြေအနေတွေ ▶

အတွက် မိန့်ခွန်းပြောပါတယ်။ နာရီဝက်နီးပါးကြာမြင့်တဲ့ မိန့်ခွန်းတခုလုံးမှာ သူနဲ့ စစ်ကောင်စီရဲ့ ကျရှုံးမှုတွေ၊ တိုင်းပြည်နစ်နာခဲ့ရမှုတွေအတွက် တာဝန်ခံပြောဆိုတာ တခုမှမရှိဘဲ တိုင်းပြည်အတွင်းက အင်အားစုအားလုံးလိုလိုကို အပြစ်တင်တာနဲ့ နိုင်ငံခြားတိုင်းပြည်တွေကို အပြစ်ဖို့တာတွေချည်းပါပဲ။

ခေတ်သစ်မြန်မာ့သမိုင်းမှာ စစ်အာဏာရှင်တွေရဲ့ မူလဘူတခေါင်းဆောင်ကြီးလို့ ဆိုရမယ့် ဦးနေဝင်းတောင် ၁၉၈၈ နှစ်မှာ အာဏာထိုင်ခုံက ဆင်းဖို့ဆုံးဖြတ်တဲ့အခါ တာဝန်ယူမှုတစုံတရာ ပြောဆိုခဲ့တာရှိပါတယ်။ ၁၉၈၈ ခုနှစ် ဇူလိုင် ၂၃ ရက်မှာလုပ်ခဲ့တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) အရေးပေါ်ညီလာခံမှာ ဦးနေဝင်းက ‘ကျွန်တော်ဟာ မတ်လ၊ ဇွန်လများအတွင်းက စိတ်မချမ်းမြေ့စရာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေအတွက် သွယ်ဝိုက်

## ■ အာဏာရှင်ဟောင်း ဦးနေဝင်း၏ ဝန်ခံစကား


အဲဒီလို လက်ရှိပါတီက အဲဒီလိုလက်ရှိပါတီက ... ဦးဆောင်သွားတဲ့အခါမှ ကျွန်တော့်
ငဲ့အခန်းကို အထူးဖော်ပြလိုပါတယ်။

ကျွန်တော်ဟာ မတ်လ၊ ဇွန်လများအတွင်းက စိတ်မချမ်းမြေ့စရာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေအတွက် သွယ်ဝိုက်သောနည်းဖြင့်တာဝန်မကင်း ဟု ယူဆတာကတစ်ကြောင်း၊ အသက်အရွယ်လည်း ထောက်လာတာတစ်ကြောင်းကြောင့် ပါတီဥက္ကဋ္ဌတာဝန်နဲ့ ပါတီဝင်အဖြစ်မှ ထွက်ခွင့်ပေးကြပါလို့ ပါတီဝင်တွေကို မေတ္တာရပ်ခံလိုပါတယ်၊ ပါတီဝင်အဖြစ်မှ ထွက်ခွင့်ပြုနိုင်ရန် ပါတီဝင်တို့စောင့်ထိန်းလိုက်နာရမယ့် စည်းကမ်းများ ပါအပိုဒ် ၁၄ အပိုဒ်ခွဲ (ဂ) ကို ပြင်ရပါမယ်၊ ပြင်ပေးကြပါဟု မေတ္တာရပ်ခံအပ်ပါတယ်၊ စည်းကမ်းကိုမပြင်လိုကြလျှင်လည်း အထူးခြွင်းချက်အဖြစ် ဤညီလာခံက ဆောင်ရွက်ပေးပါရန်မေတ္တာရပ်ခံပါတယ်။

အရင်ကကျွန်တော်အနေနဲ့ ယခုလို ဥက္ကဋ္ဌတာဝန်ကထွက်ဖို့ပြောတိုင်း တိုင်ပင်ဖော်တိုင်ပင်ဖက်လုပ်ဖော်ကိုင်ဖက်တွေက တားကြသဖြင့် နိုင်ငံရေးသံသရာအတွင်းမှာ စိတ်မချမ်းသာဘဲနှင့် ... လည်း ကျင်လည်နေခဲ့ရပါတယ်

၁၉၈၈ ခုနှစ် ဇူလိုင် ၂၃ ရက်က ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ဆရာစံခန်းမ၌ပြုလုပ်သော
မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အရေးပေါ်ပါတီညီလာခံတွင် ဦးနေဝင်းပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်။

သော နည်းအားဖြင့် တာဝန်မကင်းသူဟု ယူဆတာကတစ်ကြောင်း…' ဆိုပြီး ပုဂ္ဂိုလ်ရေးအရ တာဝန်ယူတာဝန်ခံခဲ့သလို သူ့အစိုးရနဲ့ သူ့ပါတီအပေါ် လူတွေက အယုံအကြည်ကင်းမဲ့နေတာကိုလည်း ထုတ်ဖော်ခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ခေတ်သစ်မြန်မာ့သမိုင်း၊ စစ်အာဏာရှင်ကြီးတွေအဆက်ဆက်ရဲ့ သမိုင်းမှာတော့ တာဝန်ယူမှုနဲ့ပတ်သက်ရင် လက်ရှိစစ်ခေါင်းဆောင်ဟာ မျက်နှာပြောင်အတိုက်ဆုံးဖြစ်တယ်၊ ခေါင်းရှောင်လက်ညှိုးထိုး နိုင်ငံရေးကို စံတင်အောင် သုံးနေသူဖြစ်တယ်လို့ သုံးသပ်နိုင်ပါတယ်။

အာဏာရှင်တွေဟာ တာဝန်မခံဘဲ အပြစ်ဖို့တဲ့နည်းနာကိုပဲ သုံးလေ့ရှိတာကို သုတေသီတွေက ထောက်ပြပြီးသားပါ။ ဒီလို တဖက်ကို အပြစ်ဖို့ရှုတ်ချလိုက်ခြင်းအားဖြင့် လူထု အာရုံလွှဲအောင်၊ သူ့ကိုထောက်ခံသူတွေ စိတ်အားတက်လာအောင်၊ ကိုယ့်ရက်စက်မှု၊ ကိုယ့်တာဝန်မဲ့မှု၊ ကိုယ့်အပြစ်ကို သူ့ရက်စက်မှု၊ သူ့တာဝန်မဲ့မှု၊ သူ့အပြစ်လုပ်ပြီး ကိုယ်ပြောကိုယ်ယုံ လုပ်နေတတ်ကြတာပါ။ တချို့အာဏာရှင်တွေကျတော့လည်း သက်သက်ကို အတ္တပေမကြီး၊ အမြင်ကျဉ်းမြောင်း တကိုယ်ကောင်းဆန်စိတ်နဲ့ သူများမကောင်း၊ ငါသာကောင်းလုပ်ပြီး အပြစ်ဖို့နိုင်ငံရေး လုပ်တတ်တာလည်း ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလို ခေါင်းရှောင်လက်ညှိုးထိုး နိုင်ငံရေးကို အရှက်မဲ့လုပ်နေစေကာမူ လူထုထောက်ခံမှု လုံးဝမရှိတော့တဲ့အခါ၊ ဒါမှမဟုတ် စီးပွားရေးပြိုကျလာတဲ့အခါ၊ ဒါမှမဟုတ် လုံခြုံရေးတပ်ဖွဲ့တွေကို ထိန်းချုပ်နိုင်စွမ်း ချည့်နဲ့လာပြီး လက်နက်ချ၊ ဘက်ပြောင်း၊ စိတ်ဓာတ်ကျဆင်းမှုတွေ များလာ၊ ပိုဆိုးလာရင် တပ်တွင်းအကွဲအပြဲနဲ့ တန်ပြန်အာဏာသိမ်းမှုတွေ ဖြစ်လာတဲ့အခါ၊ ဒါမှမဟုတ် လူထုအုံကြွမှုတွေနဲ့ လက်နက်ကိုင်တော်လှန်ရေးတွေ အရှိန်ရလာတဲ့အခါ၊ ဒါမှမဟုတ် နိုင်ငံတကာပိတ်ဆို့မှုတွေနဲ့ အဖယ်အကြဉ်ခံနိုင်ငံ ဖြစ်လာတဲ့အခါ ဒီဖော်ပြပါအခြေအနေတွေထဲက တခုထက် ပိုကြုံတွေ့လာရတဲ့အခါ အာဏာရှင်တွေဟာ ကျဆုံးရပါတယ်။ ရိုမေးနီးယားအာဏာရှင် ချောင်ရှက်စကူးကနေ အီဂျစ်အာဏာရှင် ဟူစနီမူဘာရက်အလယ် နောက်ဆုံး ဘင်္ဂလားဒေ့ရှ်က ရှိတ်ဟာစီနာအဆုံး ဒီလိုကျဆုံးခန်းတွေ ကြုံရတာ တွေ့ရပါတယ်။ အခု စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ခေါင်းရှောင်လက်ညှိုးထိုး နိုင်ငံရေးဟာလည်း ဒီကံကြမ္မာဆိုက်ဖို့ ခြေလှမ်းပိုစိပ်လာတာ သတိပြုမိနိုင်ပါတယ်။

အနီးခေတ် မြန်မာ့သမိုင်းမှာ ဒီမိုကရေစီအစပျိုး ပြုပြင်ပြောင်းလဲရေးကာလတခုကို ဖြတ်သန်းခဲ့ရပေမဲ့ မြန်မာစစ်တပ်ဟာ နိုင်ငံရေးခေါင်းဆောင်မှုကနေ လုံးဝဆုတ်ခွာသွားတာမျိုး မရှိသလို အရပ်ဘက် နိုင်ငံရေးခေါင်းဆောင်တွေနဲ့လည်း သင့်မြတ်ပြေလည်အောင် အားထုတ်နိုင်ခြင်း မရှိခဲ့ပါဘူး။ စစ်အာဏာသိမ်းမှု တကျော့ပြန် ၂၀၂၁ ခုနှစ် နောက်ပိုင်းမှာတော့ စစ်တပ်ရဲ့ခေါင်းဆောင်မှုက ရှေ့ပြန်ရောက်လာပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်

ချုပ်မှူးကြီး မင်းအောင်လှိုင်က အာဏာပလ္လင်ပေါ် တက်ထိုင်ခဲ့ပါတယ်။ ဒါပေမဲ့ သုံးနှစ်ကျော်ကြာလာချိန်မှာ သူ ဦးဆောင်ထားတဲ့ 'နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ'ဆိုတာ နိုင်ငံရေးပါတီတခုက အာဏာကိုချုပ်ကိုင်ထားတဲ့၊ ပါတီဦးဆောင်နေတဲ့ အုပ်စိုးမှုစနစ်(Party-led regime) မျိုးမဟုတ်သလို၊ စစ်တပ်အရာရှိတွေ စုပေါင်းဦးဆောင်နေတဲ့ အုပ်စိုးမှုစနစ် (Military-led regime) မျိုးလည်း ဟုတ်မနေပါဘူး။ လူတဦးတည်းက ထင်ရာကြဲနေတဲ့ အုပ်စိုးမှုစနစ်မျိုး (Personalist regime) ဖြစ်နေပါတယ်။

## တကိုယ်တော်ရှိုးအုပ်စိုးမှုစနစ် (Personalist regime)

စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဟာ ပူးပေါင်းဆောင်ရွက်တတ်တဲ့ ခေါင်းဆောင်မျိုး လုံးဝမဟုတ်ပါဘူး။ အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီကို စုပေါင်းခေါင်းဆောင်မှု သဘောမျိုး ဟန်ပြသဏ္ဍာန်အရ အားထုတ်ခဲ့ပါသေးတယ်။ ဒါပေမဲ့ အချိန်ကြာလာတာနဲ့အမျှ စစ်ခေါင်းဆောင်ရဲ့ တကိုယ်တော်ထင်တိုင်းကြဲမှုတွေက ပိုပြီး ပေါ်လွင်လာပါတယ်။ ကောင်စီတွင်းမှာ စစ်ဘက်တဝက်၊ အရပ်ဘက်တဝက် ဆိုတာတွေဟာလည်း ပြယုဂ်သာသာ ဖြစ်လာပါတယ် **(နေပြည်တော်လိုဂျီ-၁ ကို ရှုပါ)**။

တဖက်မှာလည်း သုံးနှစ်ကျော်ကာလအတွင်း အုပ်ချုပ်ရေးထိပ်ပိုင်းကို လူပြောင်း၊ ခန့်အပ်၊ ဖြုတ်ပယ် စသဖြင့် အကြိမ်ကြိမ် လုပ်ခဲ့ပါတယ် **(နေပြည်တော်လိုဂျီ-၄၊ စစ်ကောင်စီ၏ ပြောင်းချည်ပြင်ချည် အုပ်ချုပ်ရေးယန္တရားကို ရှုပါ)**။ အခုဆိုရင် စစ်ကောင်စီဝင်နဲ့ အုပ်ချုပ်ရေးယန္တရားမှာ ပါဝင်သူ ထိပ်တန်းအရာရှိတွေကို (ကောင်စီဝင်၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနဲ့ ပြည်နယ်/တိုင်း ဝန်ကြီးချုပ်များအပါအဝင်) အပြောင်းအလဲလုပ်ခဲ့တာ ၁၅၅ ဦး ရှိခဲ့ပါပြီ။ မြန်မာ့ဆိုရိုး 'မင်းခယောကျ်ား ကမ်းနားသစ်ပင်' ဆိုသလို မတည်မြဲပုံများက အရင်ရှိခဲ့တဲ့ အစိုးရနှစ်ဆက်ထက်တောင် ပိုများပြီး စံချိန်တင်ပါတယ်။ စစ်ခေါင်းဆောင်ရဲ့ ကြိုတင်မခန့်မှန်းနိုင်တဲ့၊ အစိုးမရနိုင်တဲ့ စိတ်စေရာအခြေအနေကို မြင်ရတာလည်းဖြစ်ပါတယ်။ ဒါတွေဟာ တကိုယ်တော်ရှိုးအုပ်စိုးမှုစနစ်အကြောင်း လေ့လာသုံးသပ်တဲ့ စာပေတွေမှာပါတဲ့ ကြန်အင်လက္ခဏာတခုအဖြစ် ခေါင်းဆောင်နဲ့ပတ်သက်တဲ့ အတွင်းအုပ်စုစက်ဝန်း (inner circle) ဟာ ကျဉ်းသွားတာ၊ ခန့်မှန်းရခက်လာတာကို ဖော်ပြနေတာပါပဲ။

တကိုယ်တော်ရှိုးအုပ်စိုးမှုစနစ်နဲ့ အုပ်ချုပ်လေ့ရှိတဲ့ ခေါင်းဆောင်တွေဟာ အဖွဲ့အစည်းစနစ် (အင်စတီကျူးရှင်း)တွေကို အားကိုးအားထားပြုလေ့ မရှိကြပါဘူး။ သစ္စာခံသူတွေကိုပဲ အာဏာရဲ့ အရေးပါတဲ့နေရာတွေမှာ နေရာချထားလေ့ရှိပါတယ်။ သူတို့ရဲ့ ဆရာမွေး-တပည့်

မွေးစနစ်၊ နီးစပ်ရာ တပည့်လက်သားတွေကို အုပ်ချုပ်ရေးစနစ်အတွင်းမှာ ပိုလို့ အားကိုးတတ်ကြပါတယ်။ ဒီလို တကိုယ်တော်ရှိုး ခေါင်းဆောင်မျိုးတွေ အုပ်ချုပ်တဲ့အခါ သူတို့ရဲ့ မူဝါဒချမှတ်မှုတွေကိုလည်း ကြိုတင်ခန့်မှန်းရှင်းပြရတာ ခက်ခဲတတ်ပါတယ်။ အကြောင်းကတော့ နိုင်ငံရေးအရလည်း တကိုယ်တော် ထင်ရာစိုင်းနေတာကြောင့်ပါ။ ဒါကြောင့် တဦးချင်းအရ ထူးခြားမှုတွေကိုပဲ ကြည့်နေရပြီး အချက်အလက် အထောက်အထားတွေအရ အုပ်စိုးမှုစနစ်အမျိုးအစားနဲ့ လားရာတွေကို ခန့်မှန်းသုံးသပ်ရတာ ခက်ခဲတတ်ပါတယ်။

ဒီနေရာမှာ စစ်ခေါင်းဆောင်ဟာ ဘယ်သူတွေနဲ့ တိုင်ပင်ဆုံးဖြတ်ချက်ချနေတယ်ဆိုတာ လေ့လာကြည့်ဖို့ လိုအပ်လာပါတယ်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီး မကြာခင် ဖေဖော်ဝါရီ ၁၈ ရက်မှာ ဒုတိယဗိုလ်ချုပ်ကြီးဟောင်း သန်းထွန်းဦး (DSA-24) ကို ဦးဆောင်စေပြီး **‘နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့’** ဆိုတာ ဖွဲ့ခဲ့ပါတယ်။ အရပ်ဘက်က ခုနစ်ဦးပါဝင်ခဲ့ပါတယ်။ ဒုတိယဗိုလ်ချုပ်ကြီးဟောင်း သန်းထွန်းဦးက နေပြည်တော်အခြေပြု အမှတ်-၆ စစ်ဆင်ရေး အထူးအဖွဲ့မှူးဟောင်းဖြစ်ပြီး နောက်ပိုင်းမှာ အရန်အင်အားစာရင်းထဲ

## နေပြည်တော်လိုဂျီ

မမြင်သာ ပိန်းပိတ်နေတဲ့ အာဏာရှင်စနစ်တွေကို လေ့လာကြရာမှာ ကရင်မလင်နိုလိုဂျီ (Kremlinology)၊ ပြုံယမ်းဂိုလိုဂျီ (Pyongyangology) နဲ့ ပီကင်းဂိုလိုဂျီ (Pekingology) ဆိုပြီး စာပေတွေမှာဖော်ပြခဲ့ကြတာရှိပါတယ်။ ISP-Myanmar အနေနဲ့ သုတေသနလေ့လာမှုအဖြစ် မြန်မာနိုင်ငံက စစ်ကောင်စီရဲ့အရွေ့တွေကို နေပြည်တော်လိုဂျီ (Naypyitawlogy) ဆိုပြီး နေပြည်တော်မှာရှိနေကြတဲ့ စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ စစ်ရေး၊ နိုင်ငံရေး စဉ်းစားချက်တွေအပြင် စနစ်၊ အစိုးရ၊ အင်စတီကျူးရှင်းဖွဲ့စည်းထားပုံ၊ သဘောတရားရေး ဝါဒအကောက်အယူနဲ့ ဆက်ဆံရေး၊ ပထဝီနိုင်ငံရေး၊ စီးပွားရေး၊ ပြည်သူလူထုထောက်ခံမှု စသဖြင့် သိုင်းဝိုင်းနေမှုတွေကို ဖော်ပြနေပါတယ်။ ISP-Myanmar ရဲ့ ‘ISP ကပြင်ရပ်ဝန်း’မှာ အပြည့်အစုံ ဖတ်ရှုနိုင်ပါတယ်။

SCAN THIS CODE


ထည့်သွင်းခံရသူပါ။ အလားတူ အရန်အင်အားထဲက ဒုတိယဗိုလ်ချုပ်ကြီး လှုအေး (DSA-26၊ စစ်ရာထူးခန့်ချုပ်ဟောင်း) လည်း ပါပါတယ်။ ဒီအဖွဲ့ထဲက ဗိုလ်မှူးကြီးဟောင်း ထိန်လင်းဟာ နောက်ပိုင်းမှာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးခံရပါတယ်။ အဖွဲ့ထဲ ပါသူတွေဟာ စာဖတ်ပေး၊ အကြံပြုစာတွေ ရေးရတာပါပဲ။ သူတို့အပေါ်မှာရှိတဲ့ ဒုတိယဗိုလ်ချုပ်ကြီးဟောင်း သန်းထွန်းဦးက စိစစ်ပြီး သူက မတင်ပြရဲရင် အကြံပြုစာတွေဟာ ဘယ်မှ မရောက်တော့ဘူးလို့ ISP-Myanmar ရဲ့ သုတေသနပြု လေ့လာချက်တွေအရ သိရပါတယ်။

စစ်ခေါင်းဆောင်မှာ အကြံပေးတွေများပါတယ်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှာ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့**ဆိုတာကိုလည်း ယခင် တပ်မတော်(ရေ) အရာရှိဟောင်း ဦးစောထွန်းအောင်မြင့်ကို ဦးဆောင်ဖွဲ့စည်းစေခဲ့ပါတယ်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်ကောင်စီအပြောင်းအလဲလုပ်ချိန်မှာ ထုတ်ပယ်ခံလိုက်ရတဲ့ ကောင်စီဝင်တွေကို အဲဒီအဖွဲ့မှာ နေရာဖန်တီးပေးလိုက်ပါတယ်။ ဒီကောင်စီဝင်တွေဟာလည်း စစ်ခေါင်းဆောင်ရဲ့ စိတ်စေရာ အလိုမကျမှုကြောင့် ဖြုတ်ပယ်ခံရတာပါ။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေသစ်ကိစ္စမှာ စစ်ခေါင်းဆောင်နဲ့ သူတို့တွေ သဘောထားကွဲခဲ့ပါတယ်။ ကောင်စီဝင်အဖြစ်က ဖြုတ်ပယ်လိုက်သူတွေကို စစ်ကောင်စီ ဗဟိုအကြံပေးအဖွဲ့ဆီ ပို့ခဲ့ပေမဲ့ ကာလအတန်ကြာတဲ့အထိ သူတို့ထိုင်ရမယ့် ရုံးကနားတောင် သေသေချာချာ လုပ်ပေးခဲ့တာမရှိပါဘူး။ ဒီလူတွေ မဆန့်ကျင်နိုင်အောင် တနေရာရာမှာ ချောင်ထိုးထားခဲ့ပုံရပါတယ်။

အဲဒါတွေအပြင် စစ်တပ်ဘက်မှာလည်း **တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အကြံပေးအဖွဲ့**ဆိုတာ ရှိပါသေးတယ်။ လက်ရှိ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်တယ်လို့ဆိုပါတယ်။ နောက်ထပ်အရေးပါသူ အကြံပေးကတော့ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော (DSA-23) ဖြစ်ပြီး **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် (ပြည်ထောင်စုဝန်ကြီးအဆင့်)** အဖြစ် ၂၀၂၃ ခုနှစ် ဇူလိုင် ၅ ရက်မှာ ခန့်အပ်ပါတယ်။ သူဟာ အရင်တုန်းက စစ်ထောက်ချုပ်နဲ့ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) ဥက္ကဋ္ဌ ဖြစ်ခဲ့သူပါ။ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောဟာ ငွေကြေး/ဘဏ္ဍာရေးအရအားကိုးရသူ၊ စစ်ခေါင်းဆောင်နဲ့ ပိုနီးစပ်သူ ဖြစ်နိုင်ပါတယ်။ ပြည်ထောင်စုဝန်ကြီးအဆင့်ကို မြှင့်တင်ပေးခဲ့သလို စစ်ကောင်စီ အဖွဲ့ဝင်အဖြစ်ပါနေရာပေးခဲ့ပါတယ်။ သတင်းဖော်ပြချက်တွေအရလည်း နိုင်ငံတော်အခင်းအကျင်းအင်္ဂါစဉ်မှာ ပိုလို့ နေရာပေးခံရပါတယ်။ သိပ်မကြာသေးခင်ကလည်း တပ်မတော်(ရေ) ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး မိုးအောင် (DSA-28) ကို **အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်**အဖြစ် ခန့်ခဲ့ပါတယ်။ သူကတော့ အရင်စစ်အစိုးရလက်ထက်မှာ သြဇာထွားခဲ့တဲ့ ဦးအောင်သောင်းရဲ့သား ဖြစ်ပါတယ်။

## စစ်ခေါင်းဆောင်၏ လူယုံတော် ဗိုလ်ချုပ်ကြီးများ၊ ကောင်စီဝင်များနှင့် အကြံပေးများ

အရပ်ဘက်တဝက်၊ စစ်ဘက်တဝက် ပါဝင်ခြင်းဖြင့် ပုံဖော်ထားသော စစ်ကောင်စီကို သုံးနှစ်အတွင်း လေးကြိမ်အထိ ထပ်တိုးပြင်ဆင်ဖွဲ့စည်းမှု ပြုလုပ်ခဲ့သည်။ ၂၀၂၃ ခုနှစ်အတွင်း သုံးကြိမ်အထိ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး စစ်ခေါင်းဆောင်နှင့် သဘောထားကွဲခဲ့သော အရပ်ဘက်နိုင်ငံရေးသမား ကောင်စီဝင်တချို့နှင့် ဒုတိယဗိုလ်ချုပ်ကြီး နှစ်ဦးအား အနားပေးခြင်း၊ ဖယ်ရှားခဲ့ခြင်းများ ပြုလုပ်ခဲ့သည်။ အရပ်ဘက်မှ ပါဝင်ခဲ့သူများတွင် မန်းငြိမ်းမောင်နှင့် ဦးရွှေကြိမ်းတို့နှစ်ဦးသာ မြပါသည်။ ထို့အပြင် စစ်ခေါင်းဆောင်အား အနီးကပ်အကြံပေးရသည့်အဖွဲ့နှင့် စစ်ကောင်စီအား အကြံပေးရသည့်အဖွဲ့နှစ်ဖွဲ့ကိုလည်း ဖွဲ့စည်းထားသည်။ စစ်ခေါင်းဆောင်၏ အနီးကပ်အကြံပေးအဖွဲ့တွင် စစ်ဘက်မှ သုံးဦးနှင့် အရပ်ဘက်မှ လေးဦးတို့ဖြင့် ဖွဲ့စည်းထားပြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဦးဆောင်သည်။ စစ်ကောင်စီအကြံပေးအဖွဲ့အား စစ်ကောင်စီ အပြောင်းအလဲဖြစ်စဉ်တွင် အနားပေးခံရသည့် အရပ်ဘက်နိုင်ငံရေးသမားများဖြင့် ဖွဲ့စည်းထားပြီး စုစုပေါင်း ကိုးဦးပါဝင်သည်။ ပုဂ္ဂလိကအကြံပေးများလည်းရှိနေပြီး စစ်ခေါင်းဆောင်၏ အကြံပေးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးအဖြစ် ဗိုလ်ချုပ်ကြီး မိုးအောင်တို့ကို ခန့်အပ်ထားသည်။ လက်ရှိစုဖွဲ့မှုအရ စစ်ခေါင်းဆောင်၏ အနီးဆုံးစည်းတွင် စစ်ဘက်ကောင်စီဝင်များသာ ရှိနေပါသည်။




- စစ်ကောင်စီ စတင်ဖွဲ့စည်းချိန်ကတည်းက ရှိခဲ့သော ကောင်စီဝင်များ
- ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ထပ်တိုးခဲ့သော ကောင်စီဝင်
- စစ်ခေါင်းဆောင်နှင့် သဘောထားကွဲခဲ့သော အရပ်ဘက်ကောင်စီဝင်များအား ဖယ်ရှားပြီးနောက် အစားထိုးခဲ့သည့် ကောင်စီဝင်များ
- တတိယအကြိမ် ပြင်ဆင်ဖွဲ့စည်းမှု၌ အစားထိုးခဲ့သော ကောင်စီဝင်
- အဂတိလိုက်စားမှုဖြင့် ဒုတိယဗိုလ်ချုပ်ကြီးနှစ်ဦးအား ဖယ်ရှားပြီးနောက် အစားထိုးခဲ့သည့် စစ်ဘက်ကောင်စီဝင်များ
- အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ဟိုအကြံပေးအဖွဲ့
- စစ်ခေါင်းဆောင်နှင့် အနီးဆုံး အတွင်းစည်းတွင် ရှိနေသော စစ်ဘက်ကောင်စီဝင်များ
- စစ်ခေါင်းဆောင်၏ အတွင်းစည်းပြင်ပတွင် ရှိနေသည့် ကောင်စီဝင်များ
- စစ်ခေါင်းဆောင်နှင့် စစ်ကောင်စီ၏ အကြံပေးများ

မှတ်ချက် - ဖော်ပြပါအချက်အလက်များမှာ ISP-Myanmar ၏ သုတေသနပြု လေ့လာချက်များအပေါ် အခြေခံပါသည်။ အချက်အလက် အသေးစိတ်ရရှိနိုင်မှု အကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုများ ရှိနိုင်သည်။

## စစ်တပ်ထိပ်ပိုင်းခေါင်းဆောင်မှုကို သရုပ်ခွဲခြင်း

မြန်မာစစ်တပ်၏ခေါင်းဆောင်မှုကို စစ်ဆင်ရေး၊ ဘဏ္ဍာစီးပွားရေးနှင့် ထောက်လှမ်းရေးဟူ၍ သုံးခုခွဲ လေ့လာနိုင်ပါသည်။ စစ်တပ်၏ အတွင်းစည်းခေါင်းဆောင်မှုတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်များ (ရေနှင့် လေ)၊ ကာကွယ်ရေး၊ နယ်စပ်ရေးရာနှင့် ပြည်ထဲရေးဝန်ကြီးများ ပါဝင်သည်။ အပြင်စည်းခေါင်းဆောင်မှုတွင် စစ်ဆင်ရေးကို စစ်ဆင်ရေးအထူးအဖွဲ့မှူး (ကစထမှူး) များက ဦးဆောင်ကာ ဘဏ္ဍာစီးပွားရေးတွင် စစ်ခေါင်းဆောင်အကြံပေး ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ ဦးပိုင်ဥက္ကဋ္ဌနှင့် စစ်ထောက်ချုပ်တို့ ပါဝင်သည်။ ထောက်လှမ်းရေးတွင် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံးက ဒုတိယဗိုလ်ချုပ်ကြီးနှင့် ဗိုလ်ချုပ်များ ဦးဆောင်သည်။




- အာဏာဗဟိုချက်
- အတွင်းစည်းခေါင်းဆောင်မှု
- စစ်ဆင်ရေး
- ဘဏ္ဍာစီးပွားရေး
- ထောက်လှမ်းရေး
- စစ်ကောင်စီနှင့် အစိုးရအဖွဲ့ဝင်များ
- စစ်ကောင်စီအဖွဲ့ဝင်များ
- အစိုးရအဖွဲ့ဝင်
- စစ်ဘက်အရာရှိများ

* စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း ၂၀၂၄ ခုနှစ် ဇွန် ၁၀ရက်တွင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)သို့ သွားခဲ့စဉ်က ၎င်းကို လူမြင်ကွင်းတွင် နောက်ဆုံးမြင်ခဲ့ရသည်။ ၂၀၂၄ခုနှစ် ဇူလိုင် ၁၄ ရက်တွင် စစ်ထောက်ချုပ်ရာထူးမှ ဖယ်ရှားဟု CJ Platformနှင့် Ayeyarwaddy Times သတင်းဌာနတို့တွင် ဖော်ပြခဲ့သော်လည်း အတည်ပြုနိုင်ရန် အခက်အခဲရှိပါသည်။

စစ်ကောင်စီဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ရှေ့ဆက်ဖို့ဆိုပြီး ‘အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ’ (NSPNC) ကို ဖွဲ့ခဲ့ပါသေးတယ်။ ငြိမ်းချမ်းရေးပြဿနာနဲ့ပတ်သက်လာရင် စစ်ခေါင်းဆောင်ရဲ့ အကြံပေးအဖွဲ့အကောင်အထည်ဖော်တဲ့အဖွဲ့လို့ ယူဆနိုင်ပါတယ်။ NSPNC ဗဟိုကော်မတီရဲ့ ဥက္ကဋ္ဌနေရာမှာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (DSA-19)ပဲ ထိုင်ထားပြီး လုပ်ငန်းကော်မတီမှာတော့ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (DSA-22)ကို နေရာပေးပါတယ်။ ကနဦးမှာ ဗဟိုကော်မတီအတွင်းရေးမှူးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး (DSA-25)နဲ့ လုပ်ငန်းကော်မတီအတွင်းရေးမှူးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် (OTS-66) တို့ကို တာဝန်ပေးထားပါတယ်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလမှာ NSPNC ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် (DSA-22)က ဥက္ကဋ္ဌ ဖြစ်လာပါတယ်။ ၂၀၂၄ ခုနှစ်မှာ ဥက္ကဋ္ဌနေရာအတွက် နယ်စပ်ရေးရာဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် (DSA-25)နဲ့ အစားထိုးခဲ့ပါတယ်။ အဖွဲ့ထဲက ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန် (DSA-25) ကိုတော့ အနားပေးခဲ့ပါတယ်။

တကယ်တော့ စစ်ခေါင်းဆောင်ဟာ NSPNC ကို အရေးပါတဲ့ အင်စတီကျူးရှင်းတခုသဖွယ် အသုံးချနေတာမဟုတ်ပါဘူး။ ၂၀၂၂ ခုနှစ် ဧပြီလတုန်းကလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို သူနဲ့ တဦးချင်းတွေ့မယ်၊ ငြိမ်းချမ်းရေးစကားပြောမယ်ဆိုပြီး တကိုယ်တော်အစွမ်းပြဖို့လုပ်ခဲ့ပေမဲ့ မအောင်မြင်ပါဘူး။ နောက်ပိုင်း ‘စစ်ဆင်ရေး ၁၀၂၇’အလွန် တရုတ်နိုင်ငံရဲ့ ကူညီပံ့ပိုးမှုနဲ့ ဟိုင်ဂင်ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ဖြစ်လာတဲ့အခါ NSPNC ကို တာဝန်မပေးခဲ့ပြန်ပါဘူး။ ပိုဆိုးတာက စစ်ခေါင်းဆောင်ဟာ သူ့ရဲ့ကိုယ်ရေးအရာရှိ (Aide de Camp) ဗိုလ်ချုပ် မိုးမြင့်ဆွေ (OTC-23) ကို ဟိုင်ဂင်ဆွေးနွေးပွဲဆီ စေလွှတ်ခဲ့ပါတယ်။ တရားဝင်ခန့်အပ်ထားတာမျိုး မရှိပေမဲ့ စစ်ရေးအကြံပြုချက်တွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုင်ရာကိစ္စတွေမှာ စစ်ခေါင်းဆောင်ဟာ ဗိုလ်ချုပ် မိုးမြင့်ဆွေကို အင်စတီကျူးရှင်း သဘောအရမဟုတ်ဘဲ ပုဂ္ဂိုလ်အခြေပြု စဉ်းစားချက်ဆန်ဆန် အသုံးပြုနေတယ်လို့ ISP-Myanmar ရဲ့ သုတေသနလေ့လာချက်တွေမှာလည်း တွေ့ရပါတယ်။

စစ်ကောင်စီရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့တွဲဖက်ထားတဲ့ ‘မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့’ (MISIS) လိုမျိုး အကြံပေးအဖွဲ့တွေလည်း ရှိပါတယ်။ ဒါပေမဲ့ စစ်ခေါင်းဆောင်က **‘proxy သဘော ပါးစပ်အငှားနဲ့ အလိုကျဆောင်ရွက်ပေးသူ’** အဖြစ်ပဲသုံးချင်တာပါ။ သီးခြားလွတ်လပ်တဲ့အကြံဉာဏ်တွေ လိုချင်တာတော့မဟုတ်ပါဘူး။ အကြံပေးအဖွဲ့တွေ၊ အကြံပေးတွေ ဘယ်လောက်ထားထား တကယ်ဆုံးဖြတ်ရသူက စစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ဂျူနီယာတွေကို အကြံပေးအဖြစ်

- တာဝန်ပေးခြင်းဟာ တပ်မတော်ရဲ့ အင်စတီကျူးရှင်း ဓလေ့အရ အလုပ်မဖြစ်ပါဘူး။ အခု အချိန်အထိတော့ စစ်ခေါင်းဆောင်ဟာ စနစ်လည်း သူ၊ အစိုးရလည်း သူ၊ အင်စတီကျူးရှင်း လည်း သူ တကိုယ်တော် ထင်တိုင်းကြဲနေပြီး နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနဲ့ လုပ်ငန်းတာဝန်အားလုံးမှာ နောက်ဆုံး ဆုံးဖြတ်ချက်ချနေသူက သူပဲဖြစ်ပါတယ်။ အခုဆိုရင် စစ်ခေါင်းဆောင်ရဲ့ ညွှန်ကြားမှုအောက်မှာရှိနေတဲ့ လုံခြုံရေးကဏ္ဍဟာလည်း သမိုင်းတလျှောက် မကြုံစဖူးရှုံးနိမ့်မှုတွေကို ရင်ဆိုင်နေရပါပြီ။ စစ်တိုင်းတခုလုံးကျဆုံးသွား တာနဲ့တင်မရပ်ဘဲ ကျန်တဲ့ စစ်တိုင်း ၁၃ ခုလုံးကလည်း ကာလကြာလာတာနဲ့အမျှ စစ်ပန်း ပြီး အသိမ်းမခံရရင်တောင် ဝိုင်းပတ်ပိတ်ဆို့ခံနေရမယ့် အခြေအနေဘက် ဦးတည်နေပါ တယ်။ ဒီအချိန်မျိုးမှာ ကျန်းမာရေးမကောင်းတဲ့ ဦးမြင့်ဆွေရဲ့ ယာယီသမ္မတနေရာကို စစ် ခေါင်းဆောင်ကဝင်ယူခဲ့ပြီး စစ်ကောင်စီကို နောက်ထပ်ခြောက်လ သက်တမ်းတိုးခဲ့ပါတယ်။


အခြားတဖက်မှာလည်း သူ့လူယုံ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းကို အဂတိလိုက်စားမှုနဲ့ အရေးယူပြီးနောက်မှာ တပ်မတော်အတွင်း ဆက်ခံရေးပြဿနာပါ အကြီးအကျယ် ဖြစ်နေ ပါတယ် **(နေပြည်တော်လိုဂျီ အမှတ်-၂၊ စစ်တပ်တွင်း ဆက်ခံရေးအကျပ်အတည်းကို ရှုပါ)**။ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း (DSA-35)၊ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ကို ဆက်ခံသူ အဖြစ် လျာထားတယ်ပြောကြပေမဲ့ 'ဝါ'အရရော 'အရည်အချင်း'အရပါ လိုအပ်ချက်တွေရှိ ကြောင်း ထောက်ပြကြပါတယ်။ ၂၀၂၄ ခုနှစ် ဇူလိုင်လထဲမှာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့် (DSA-30) က သက်တမ်းခြောက်လမပြည့်ခင်မှာ နုတ်ထွက် စာတင်ခဲ့တာကြောင့် ရေချုပ်အသစ် ခန့်အပ်ခဲ့ရပါတယ်။ ရခိုင်စစ်မြေပြင်နဲ့ပတ်သက်ပြီး စစ်ခေါင်းဆောင်ရဲ့ အမိန့်ပေးညွှန်ကြားမှုကို ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်က လက်မခံတာ ကြောင့် နုတ်ထွက်တာဖြစ်ပြီး သူ့ကို ဖမ်းဆီးထားတယ်လို့ မီဒီယာတွေမှာရေးပါတယ်။

စစ်ဆင်ရေးတွေအတွင်း ကျဆုံးဖမ်းဆီးခံရမှုတွေအပြင် စစ်မြေပြင်မှာ မရှုမလှအရှုံး ဖြစ်ခဲ့ တာကြောင့် စစ်ဘက်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးတွေကို သေဒဏ်ပေးတာ၊ ထောင်ချ တာတွေကြောင့်လည်း မြန်မာစစ်တပ်အတွင်း အင်အားပြုန်းတီးမှုကို အကြီးအကျယ် ဖြစ် စေခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် ဩဂုတ် ၈ ရက်မှာဖော်ပြခဲ့တဲ့ BBC မြန်မာပိုင်းသတင်းဌာနရဲ့ ဆောင်းပါးမှာတော့ အာဏာသိမ်းပြီးနောက်ပိုင်း သုံးနှစ်ကျော်ကာလအတွင်း စစ်တပ် ထိပ် တန်းအရာရှိကြီး ၅၀ ကျော် ဖယ်ရှားခံခဲ့ရတယ်လို့ ရေးထားပါတယ်။ ဒီအထဲမှာ ဗိုလ်ချုပ်ကြီး အဆင့်ကစလို့ ဗိုလ်မှူးချုပ်အဆင့်အထိပါပြီး တပ်ရာထူးကနေ အရန်အင်အားကို အပို့ခံရ တာ၊ တပ်ရာထူး ဖယ်ရှားခံရတာ၊ အနားပေးခံရတာတွေနဲ့ အရေးယူခံရသူတွေပဲ သီးသန့် ပါဝင်တယ်လို့ BBC မြန်မာပိုင်းက ဆိုပါတယ်။

# စစ်တိုင်းတခုကျရှုံးပြီး ကိုးခုမှာ တိုက်ရိုက် စစ်မျက်နှာစာဖွင့် ရင်ဆိုင်နေရ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၃ ရက်အထိ)

အာဏာသိမ်းမှုအလွန် နိုင်ငံအနှံ့ လက်နက်ကိုင်ပဋိပက္ခများအတွင်း စစ်ကောင်စီ တိုင်းစစ်ဌာနချုပ်များ၏ အခြေအနေကို ဖော်ပြထားခြင်းဖြစ်သည်။ အထူးသဖြင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အတွင်းမှ မြို့ပေါင်း ၁၉ မြို့ကို တိုင်းရင်းသားလက်နက်ကိုင်ပူးပေါင်းတပ်ဖွဲ့များက ထိန်းချုပ်ထားပြီး စစ်ဌာနချုပ်ကိုပါ သိမ်းယူထားသည်။ ထို့ကြောင့် စစ်ကောင်စီ၏ စစ်တိုင်း ၁၄ ခုအနက် တခုမှာ လုံးဝကျရှုံးသွားပြီး ကိုးခုမှာ တိုက်ရိုက် စစ်မျက်နှာစာဖွင့် ရင်ဆိုင်နေရသည်။ နေပြည်တော်တိုင်း၊ ရန်ကုန်တိုင်း၊ အနောက်တောင်တိုင်းနှင့် တြိဂံဒေသတိုင်း လက်အောက်ခံတပ်များမှာလည်း အခြားစစ်တိုင်းများအတွက် တပ်နတ်၊ စစ်ကူ စေလွှတ်ပေးနေရပါသည်။





◆ တော်လှန်ရေးအင်အားစုများက သိမ်းပိုက်ထားသော မြို့များ

■ အာဏာသိမ်းမှုအလွန် စစ်ကောင်စီ လက်လွှတ်ခဲ့ရသော နယ်မြေများ

မှတ်ချက် - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြား လွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားရှိပြီး မြေပြင်အခြေအနေအပါအဝင် ဒေတာရရှိမှု အကန့်အသတ်များကြောင့် အနည်းငယ်ကွဲလွဲမှုရှိနိုင်ပါသည်။

## ရှမ်းမြောက်ဒေသရှိ မြို့ပေါင်း ၆၀ ရာခိုင်နှုန်းကို စစ်ကောင်စီလက်လွှတ်ခဲ့ရ
(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ)

အာဏာသိမ်းမှုအလွန် သုံးနှစ်ကျော်ကာလအတွင်း နိုင်ငံအနှံ့ **မြို့နယ်ပေါင်း ၂၃၃ ခုထက်မနည်း**တွင် တိုက်ပွဲပေါင်း **၁၄,၄၅၇ ထက်မနည်း** ဖြစ်ပွားခဲ့ပြီး မြို့ပေါင်း ၇၄ မြို့ကို တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ဒေသခံကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့များဘက်က သိမ်းယူနိုင်ခဲ့ကြသည်။ ထူးခြားမှုအနေဖြင့် 'စစ်ဆင်ရေး ၁၀၂၇'အလွန်တွင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့ပေါင်း **၃၅ မြို့**အနက် **၂၁ မြို့ (၆၀ ရာခိုင်နှုန်း)** ကို စစ်ကောင်စီက လက်လွှတ်ထားရခြင်းဖြစ်သည်။ အဆိုပါ **၂၁ မြို့အနက် ၁၁ မြို့**ကို မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) က သိမ်းယူထားပြီး ကိုးမြို့ကို တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) က သိမ်းထားပါသည်။ ကျန်တမြို့ကို ကချင်လွတ်လပ်ရေးတပ်မတော် (KIA) က သိမ်းယူထားပါသည်။



မြန်မာစစ်တပ်အတွင်း အင်အားယုတ်လျော့ကျဆင်းလာတာ၊ တိုက်ခိုက်မှုစွမ်းရည် ကျဆင်းလာတာတွေအပြင် နောက်ထပ်အရေးကြီးတာက စစ်ခေါင်းဆောင်ရဲ့ စစ်ရေးအမိန့်ပေးညွှန်ကြားချက်တွေဟာ အရင် စစ်ခေါင်းဆောင်ဟောင်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေလက်ထက် စစ်တပ်အတွင်း အစဉ်အဆက်ချမှတ်ထားတဲ့ လုပ်ထုံးလုပ်နည်း (Standard Operating Procedure - SOP) တွေအတိုင်း မဖြစ်တာကိုလည်း ISP-Myanmar ရဲ့ သုတေသနပြုလေ့လာချက်တွေအရ သိရပါတယ်။

အထူးသဖြင့် 'ချီ-တိုက်-ခံ-ခွာ'လို့ အတိုမှတ်လေ့ရှိကြတဲ့ စစ်ကဏ္ဍကြီးလေးရပ်အတိုင်း ကျင့်သုံးလုပ်ဆောင်တဲ့အခါ ရှိထားပြီးဖြစ်တဲ့ SOP တွေ၊ ဥပဒေသတွေအတိုင်း အပြည့်အဝ အသုံးပြုတာမရှိဘဲ အားနည်းတာကို လေ့လာတွေ့ရှိရပါတယ်။ ဥပမာ- 'စစ်ဆင်ရေး ၁၀၂၇' အတွင်း ရှမ်းပြည်နယ်မြောက်ပိုင်းအခြေအနေကို ကြည့်တဲ့အခါ စစ်နည်းဗျူဟာအရ မုန်းကိုးကျချိန်မှာ နန့်ဖက်ကာကိုဆုတ်ပြီး ခုခံမှုမရှိတာကြောင့် ကွတ်ခိုင်ပါ လက်လွှတ်ရတယ်၊ လောက်ကိုင်ကျချိန်မှာ နန့်ဆလတ်ကို ဆုတ်ပြီး ခုခံမှုမရှိတဲ့အတွက် သိန္နီလည်း ဆုံးရှုံးသွားတယ်၊ ပလက်ဝကျသွားတဲ့အတွက် ရခိုင်မှာလည်း ကျောက်တော်ဟာ အလိုအလျောက် ကျရှုံးသွားတယ် စသဖြင့် လေ့လာတာမျိုးဖြစ်ပါတယ်။ အခု 'စစ်ဆင်ရေး ၁၀၂၇' ဒုတိယပိုင်းမှာ ကျရှုံးသွားတဲ့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အခြေအနေကိုကြည့်ရင်လည်း (မလွဲမသွေ တိုက်ခိုက်ခံရမယ်ဆိုတာကို ကြိုသိနေပါလျက်) ခုခံစစ်အတွက် အဆင့်ဆင့် အသေအချာပြင်ဆင်ထားတာမျိုး မတွေ့ရတဲ့အပြင် တိုက်ပွဲကာလအတွင်းမှာလည်း အရေးအကြီးဆုံးဖြစ်တဲ့ ဆက်သွယ်ရေးလိုင်းပါ ပြတ်တောက်တဲ့အထိ ဖြစ်ခဲ့ပါတယ်။ ဒါတွေဟာ မြန်မာစစ်တပ်အတွင်း အထက်အောက် အမိန့်ပေးညွှန်ကြားမှုစနစ်တွေ ကသောင်းကနင်းဖြစ်နေပြီး အစဉ်အဆက် SOP တွေအတိုင်း အပြည့်မလုပ်နိုင်တော့တာ ပေါ်လွင်စေပါတယ်။

ဒါကြောင့်မို့ နယ်ပယ်အသီးသီးမှာ စစ်ခေါင်းဆောင်အနေနဲ့ တကိုယ်တော်ရှိုး ထင်ရာစိုင်းလုပ်နေပေမဲ့ မအောင်မြင်တဲ့အခါမှာတော့ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ အပြစ်ဖို့ခေါင်းရှောင်လက်ညှိုးထိုး နိုင်ငံရေးလုပ်နေတာဟာ သမိုင်းဝင်ပါပဲလို့ ပြောခဲ့တာပါ။

## မဟာကျရှုံးမှုများ

တကိုယ်တော်ရှိုး ခေါင်းဆောင်တွေဟာ အာဏာနဲ့ သတင်းအချက်အလက်ကို ထိန်းချုပ်ထားလိုကြပြီး တီထွင်ဆန်းသစ်တဲ့ အယူအဆအိုင်ဒီယာတွေလည်း သူတို့တွေကြောင့် ပိတ်ဆို့နေတတ်ကြပါတယ်။ ပြဿနာဖြေရှင်းရေးမှာလည်း သူကိုယ်တိုင်က ပြဿနာဖြစ်လာပါ

တယ်။ တကိုယ်တော်ရှိုး ပုဂ္ဂလိကဆန်တဲ့ ခေါင်းဆောင်တွေအတွက် ဥပဒေ၊ အခန်းကဏ္ဍ၊ တာဝန်ယူ တာဝန်ခံမှုတွေကလည်း သိပ်ပြီး မကွဲပြားတော့ပါဘူး။ ဒီလိုနဲ့ ကျရှုံးမှုတွေက သူ့ တကိုယ်တော်အတွက်သာမဟုတ်ဘဲ နိုင်ငံတခုလုံး၊ လူ့အဖွဲ့အစည်းတရပ်လုံးအတွက် တန်ဖိုး ကြီးကြီးနဲ့ ပေးဆပ်ရဖို့ ဖြစ်လာနေပါတယ်။

အခုဆိုရင်လည်း စစ်ခေါင်းဆောင်ရဲ့ နိုင်စီးမြှင့် (နိုင်ငံရေး၊ စီးပွားရေးမြှင့်တင်ရေး) စီမံကိန်း တွေဟာလည်း မအောင်မြင်ပါဘူး။ ကမ္ဘာ့ဘဏ်ရဲ့ သုံးသပ်ချက်အရ လာမယ့်နှစ်မှာ မြန်မာ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း တစ်ရာခိုင်နှုန်းပဲ ရှိပါမယ်။ ဆင်းရဲသူအရေအတွက်က နိုင်ငံ့ လူဦးရေတဝက်နီးပါး မြင့်တက်လာပါတယ်။ ပြဿနာပေါင်းစုံနဲ့ စီးပွားရေးထုတ်လုပ်မှု၊ စား သုံးမှု၊ ကုန်သွယ်မှုတွေလည်း ဘက်ပေါင်းစုံမှာ အကျပ်အတည်း ဆိုက်နေရပါတယ်။

၁၉၈၈ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ) လက်ထက် ဗိုလ်ချုပ် စောမောင် စစ်အာဏာသိမ်းချိန်မှာ နိုင်ငံခြားအရန်ငွေ အမေရိကန်ဒေါ်လာ သန်း ၇၀ နဲ့ ပြန် စတင်ခဲ့ရတယ်လို့ ဖော်ပြကြပါတယ်။ အခု စစ်ကောင်စီ အာဏာယူစဉ်ကာလမှာတော့ နိုင်ငံခြားအရန်ငွေက အမြောက်အမြားရှိခဲ့ပါတယ်။ နိုင်ငံတကာ ဘဏ်ခွဲ ၁၄ ခုမှာ အမေရိ ကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံအထိ ရှိခဲ့တယ်လို့ ဆိုကြပါတယ် (အာဏာသိမ်းပြီးချိန်မှာ အရေးယူမှုအဖြစ် ဒေါ်လာတဘီလီယံကို အမေရိကန်ပြည်ထောင်စုက ပြန်ထုတ်မပေးဘဲ သိမ်းဆည်းခဲ့ပါတယ်)။ ခုအချိန် သုံးနှစ်ကျော်ကာလမှာတော့ နိုင်ငံခြားငွေတွေလည်းကုန်၊ ရလဒ်လည်းမပေါ်၊ နိုင်ငံလည်း ပြိုကျလုမတတ် ကြုံနေရပြီလို့ ဆိုကြပါတယ်။

နိဂုံးချုပ်ဆိုရရင် စစ်ခေါင်းဆောင်ရဲ့ သုံးနှစ်ကျော်စွမ်းဆောင်မှုတွေထဲ အောင်မြင်မှုဆိုတာ မရှိသလောက်ပါပဲ။ အထူးသဖြင့် တပ်မတော်က အစဉ်အဆက် ရည်ညွှန်းပြောဆိုနေတဲ့ 'ဒို့ တာဝန် အရေးသုံးပါး'က ကျရှုံးနေတာ အဖြေပေါ်နေပါပြီ။ အဲဒါအပြင် တပ်မတော်ကိုယ် ၌က အစဉ်အဆက်ခံယူထားတဲ့ **'နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သူ အခန်းကဏ္ဍ'**ဆို တာဟာလည်း အကြီးအကျယ် စိန်ခေါ်ခံနေရပါပြီ။ ဒီလို အကျပ်အတည်းမျိုးစုံ၊ ပြိုလဲမှုမျိုးစုံ ကြုံနေရပေမဲ့ တာဝန်ယူတာဝန်ခံတဲ့ ခေါင်းဆောင်မှုမျိုးနဲ့ အင်စတီကျူးရှင်းမျိုးကတော့ မြန်မာ့နိုင်ငံရေးရဲ့ အုပ်စိုးသူလူတန်းစားတွေထဲမှာ မရှိသလောက်ရှားပါပဲလို့ သုံးသပ်နိုင်ပါ တယ်။ ■

## အလေးပေးဖော်ပြလိုသည်များ

**SPOTLIGHTS**

အခြား သတိပြုစရာ အကြောင်းအချက်များကိုလည်း သံခိပ်သဘော ပြောပြလိုသဖြင့်
'အလေးပေးဖော်ပြလိုသည်များ (Spotlights)' ကဏ္ဍကို ထည့်သွင်းထားခြင်းဖြစ်သည်။
ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း ဖြစ်ခဲ့သော အကြောင်းအရာများအနက်
**သတိပြုစရာ သုံးခု**ကို ကောက်နုတ်ဖော်ပြထားပါသည်။

---

### ● ခြိမ်းခြောက်ခံလာရသော တရုတ်ရင်းနှီးမြှုပ်နှံမှုများ

စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ်ထဲက တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုတခုဖြစ်တဲ့ တကောင်း နီကယ်စက်ရုံကို ပြည်သူ့ကာကွယ်ရေးတပ် (PDF) တွေက ဇူလိုင် ၂၅ ရက်မှာ ထိန်းချုပ်လိုက်တယ်လို့ ထုတ်ပြန်လာပါတယ်။ လက်ရှိမှာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အနေနဲ့ စက်ရုံလုံခြုံရေး၊ တရုတ်နိုင်ငံသား စက်ရုံဝန်ထမ်းတွေနဲ့ သူတို့မိသားစုဝင်တွေရဲ့ လုံခြုံရေးတွေကို တာဝန်ယူထားတယ်လို့ ဆိုပါတယ်။ စီမံကိန်းဟာ အမေရိကန်ဒေါ်လာ ၈၅၅ သန်းကျော် ရင်းနှီးမြှုပ်နှံထားတာဖြစ်ပြီး နှစ် ၂၀ လုပ်ကိုင်ခွင့်ပြုထားတာပါ။

ဒီမတိုင်ခင် ဇူလိုင် ၁၆ ရက်တုန်းကလည်း မန္တလေးတိုင်း မတ္တရာမြို့နယ်ထဲက တရုတ်ရင်းနှီးမြှုပ်နှံမှုတွေပါဝင်တဲ့ အယ်လ်ဖာ (Alpha) ဘိလပ်မြေစက်ရုံကို ပြည်သူ့ကာကွယ်ရေးတပ်မတော်(မန္တလေး) (MDY-PDF) က သိမ်းပိုက်ခဲ့ပါတယ်။ TNLA နဲ့ PDF တပ်ဖွဲ့တွေ သိမ်းပိုက်ခဲ့တဲ့ နောင်ချိုက သကြားစက်ရုံဟာလည်း တရုတ်ရင်းနှီးမြှုပ်နှံမှုလို့ ဖော်ပြကြပါတယ်။ လတ်တလောကာလအတွင်း တရုတ်စီမံကိန်းသုံးခု သိမ်းပိုက်ခံခဲ့ရတာဖြစ်ပါတယ်။ ISP-Myanmar ရဲ့ အချက်အလက်တွေအရ အာဏာသိမ်းပြီးနောက်ပိုင်း တကောင်းနီကယ်စက်ရုံနဲ့ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတွေအပါအဝင် တနိုင်ငံလုံးက တရုတ်စီမံကိန်းတွေ တိုက်ခိုက်ခံရမှုပေါင်း ၂၃ ကြိမ် ထက်မနည်း ရှိခဲ့ပါပြီ။ ဒါ့အပြင် ရေနံပိုက်လိုင်းထိန်းချုပ်ရေးစခန်းရှိရာမြို့တွေကို သိမ်းပိုက်တာ၊ တိုက်ခိုက်တာတွေလည်း ရှိနေပါတယ်။

တကောင်းနီကယ်စက်ရုံ သိမ်းပိုက်မှုနဲ့ပတ်သက်ပြီး ဆွေးနွေးဖို့ တရုတ်အစိုးရက NUG ဆီ ဆက်သွယ်ခဲ့တယ်လို့လည်း သတင်းမီဒီယာတွေမှာ ဖော်ပြပါတယ်။ NUG အနေနဲ့ မြန်မာနိုင်ငံထဲက တရုတ်ရင်းနှီးမြှုပ်နှံမှုတွေကို ကာကွယ်သွားမယ့်အကြောင်း မူဝါဒ ၁၀ ချက်နဲ့အတူ တရုတ်နိုင်ငံနဲ့ပတ်သက်တဲ့ ဆက်ဆံရေးမူဝါဒတွေကို ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းက ထုတ်ပြန်ခဲ့ပါတယ်။ ■

## ● မြန်မာနှင့် ခြေကုန်လက်ပန်းကျနေသော အာဆီယံ

အာဆီယံ အလှည့်ကျဥက္ကဌ လာအိုနိုင်ငံမှာ ဇူလိုင် ၂၁ ရက်ကနေ ၂၇ ရက်အထိ အာဆီယံ ဝန်ကြီးအဆင့်အစည်းအဝေး (AMM) ကို ပြုလုပ်ခဲ့ပါတယ်။ ဒီအစည်းအဝေးမှာလည်း မြန်မာနိုင်ငံရဲ့ပဋိပက္ခကိစ္စနဲ့ လုံးပန်းရပြန်ပါတယ်။ အာဆီယံ ထိပ်သီးဆွေးနွေးပွဲတွေမှာ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို တက်ခွင့်မပေးဘဲ ဖယ်ထုတ်ထားတာကြာပါပြီ။ အခုတကြိမ်မှာတော့ စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီးဌာနက အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်မိုး တက်ရောက်ခဲ့ပါတယ်။

ဒီအစည်းအဝေးမတိုင်ခင် လာအိုနိုင်ငံရဲ့ မြန်မာ့အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ အလွန်ကီယိုကစ်တီဟွန်း (Alounkeo Kittikhoun) က နေပြည်တော်ကိုသွားပြီး စစ်ကောင်စီနဲ့ တွေ့ခဲ့ပါသေးတယ်။ အကြမ်းဖက်မှုတွေရပ်ဆိုင်းဖို့၊ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့၊ လူသားချင်းစာနာမှုအစီအစဉ်တွေခွင့်ပြုဖို့ စတဲ့ကိစ္စမျိုးတွေ ဆွေးနွေးခဲ့ပါတယ်။ ‘သိသာထင်ရှားတဲ့ တိုးတက်မှု’ မရခဲ့ပါဘူး။ ဒီလိုနဲ့ အချို့သော အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဟာ အလုပ်ဖြစ်နိုင်တဲ့ တခြားချဉ်းကပ်မှုတွေကိုလည်း စတင်စဉ်းစားလာနေကြပါတယ်။

လာအိုအစည်းအဝေးကာလ ဇူလိုင်လ ၂၄ ရက်မှာ ‘အရင်၊ အခုနဲ့ နောင်’ အာဆီယံဥက္ကဌနိုင်ငံတွေက မြန်မာ့အရေးကို အလွတ်သဘော ဆွေးနွေးခဲ့ကြပါတယ်။ ဒါကို သုံးနိုင်ငံအဖွဲ့ (troika) လို့ခေါ်ပြီး မြန်မာ့အရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်အောင် စဉ်းစားနေကြပုံပါပဲ။ ပြီးခဲ့တဲ့နှစ် အာဆီယံဥက္ကဌဖြစ်ခဲ့တဲ့ အင်ဒိုနီးရှားနိုင်ငံဟာ မြန်မာနိုင်ငံပဋိပက္ခထဲက အင်အားစုအသီးသီးနဲ့ တွေ့ဆုံဆွေးနွေးမှုပေါင်း ၁၀၀ ကျော် ဆောင်ရွက်ခဲ့ပါတယ်။ ရလဒ်မထွက်ခဲ့ပါဘူး။ ထိုင်းလို အရေးပါတဲ့ အိမ်နီးချင်းနိုင်ငံတချို့ကတော့ လူသိရှင်ကြားမဟုတ်ဘဲ တခြားချဉ်းကပ်မှုတွေနဲ့ မြန်မာ့အရေးကို ဆောင်ရွက်လိုကြတာရှိပါတယ်။ ဗီယက်နမ်နိုင်ငံကတော့ အမေရိကန်ပြည်ထောင်စု အရှေ့အာရှနဲ့ ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနဲ့ မြန်မာဘက်ကအရာရှိတဦးတို့ သူတို့နိုင်ငံမှာ တွေ့ဆုံဖို့ မကြာသေးမီက ပံ့ပိုးပေးခဲ့တာရှိပါတယ်။ တွေ့ဆုံအပြီး ထုတ်ပြန်ကြေညာရာမှာ အကြမ်းဖက်နေတာတွေရပ်စဲဖို့ အင်အားစုအသီးသီးကို တိုက်တွန်းခဲ့ပါတယ်။ လူသားချင်းစာနာမှုအကူအညီ အရေးပေါ်လိုအပ်နေမှုနဲ့ တိုးချဲ့လုပ်ဆောင်နိုင်ဖို့လည်း တိုက်တွန်းခဲ့ပါတယ်။ ဒီလိုနဲ့ပဲ ပဋိပက္ခတွေနဲ့ လူသားချင်းစာနာမှုအကျပ်အတည်းက ပိုလို့ပြင်းထန်လာချိန်၊ စစ်ကောင်စီအဖို့ မရှုမလှဖြစ်လာနေချိန်မှာ မြန်မာ့အရေးဖြေရှင်းဖို့ နည်းမျိုးစုံနဲ့လမ်းကြောင်းရှာနေတဲ့ အာဆီယံနိုင်ငံတွေဟာ ခြေကုန်လက်ပန်းကျလာနေကြပါပြီ။ ■

## ● နိုင်ငံတဝန်းက အစုအပြုံလိုက် သတ်ဖြတ်မှုများ

ပဋိပက္ခတွေ ပြင်းထန်လာရင် ကြားထဲကမြေစာပင် ပြည်သူလူထုတွေ ပိုထိခိုက်နစ်နာရပါတယ်။ အရပ်သားပြည်သူလူထုကို ပစ်မှတ်ထားတိုက်ခိုက်မှုတွေက ရုပ်ဆိုးလှပါတယ်။ ဒါကြောင့် အရပ်သားပြည်သူအပေါ် ကာကွယ်ပေးရေးကို အလေးပေးပြောဆိုကြရတာ ဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာနဲ့ လူ့အခွင့်အရေးဆိုင်ရာဥပဒေတွေအရ စစ်ရာဇဝတ်မှုမြောက်သလို ပြင်းထန်ဆိုးရွားတဲ့ အချို့သောကျူးလွန်မှုတွေမှာ လူသားမျိုးနွယ်တရပ်လုံးအပေါ် ကျူးလွန်ချိုးဖောက်မှု မြောက်စေပါတယ်။ မြန်မာနိုင်ငံပဋိပက္ခအတွင်းမှာ အစုအပြုံလိုက်သတ်ဖြတ်မှု ဖြစ်စဉ်တွေဟာ တားမနိုင်ဆီးမရ ဖြစ်နေဆဲပါပဲ။

ISP-Myanmar က သုတေသနပြုလေ့လာထားတဲ့ အချက်အလက်တွေအရ တကြိမ်မှာ ၁၀ ဦးနဲ့အထက် အစုအပြုံလိုက်သတ်ဖြတ်ခံရတာတွေဟာ ပြီးခဲ့တဲ့သုံးနှစ်ကျော်အတွင်း (၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်အထိ) ၅၇ ကြိမ် ရှိသွားပါပြီ။ ဒီ ၅၇ ကြိမ်မှာ စုစုပေါင်း လူ ၁,၂၂၄ ဦး သေဆုံးခဲ့ပါတယ်။

၂၀၂၃ ခုနှစ် ဧပြီ ၁၁ ရက်တုန်းက စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာ ဗုံးကြဲသတ်ဖြတ်မှုဖြစ်စဉ်ကတော့ လူအသေအပျောက် အများဆုံးဖြစ်ပြီး ၁၇၄ ဦး သေဆုံးခဲ့ပါတယ်။ အဲဒီထဲမှာ အမျိုးသမီးနဲ့ ကလေးသူငယ် ၆၂ ဦးအထိတောင် ပါခဲ့တာပါ။ အခုနှစ် ၂၀၂၄ ရဲ့ ခြောက်လတာအတွင်းမှာတော့ စစ်ကောင်စီနဲ့ ပြည်သူ့စစ်တပ်ဖွဲ့တွေ ဖမ်းဆီးပြီး အစုအပြုံလိုက်သတ်ဖြတ်ခဲ့တဲ့ အရပ်သားဦးရေ ၃၅၉ ဦးထက်မနည်း ရှိခဲ့ပါတယ်။ ရခိုင်၊ မန္တလေး၊ စစ်ကိုင်းနဲ့ မကွေးတိုင်းတွေမှာ ဖြစ်ခဲ့တာပါ။ အများစုဖြစ်ရပ်တွေမှာ စစ်ကောင်စီက မသင်္ကာမှုနဲ့ ရွာတွေထဲကအရပ်သားတွေကို အစုလိုက် ဖမ်းဆီးစစ်ဆေးရာကတဆင့် အစုလိုက်သတ်ဖြတ်တာ၊ လေကြောင်းကနေ ဗုံးကြဲတာအပြင် လက်နက်ကြီးတွေနဲ့ပစ်ခတ်လို့ သေဆုံးတာတွေဖြစ်ပါတယ်။ ပြည်သူလူထုတွေ ညဘက်အိပ်နေချိန်၊ ဘာသာရေးအဆောက်အအုံတွေထဲ ထွက်ပြေးခိုလှုံနေချိန်နဲ့ အစည်းအဝေးလုပ်နေချိန်တွေအပြင် ကျေးရွာထဲကို ဝင်ရောက်ဖမ်းဆီးတာနဲ့ နှစ်ဖက်တိုက်ပွဲတွေအကြား သတ်ဖြတ်ခံခဲ့ရတာတွေ ဖြစ်ပါတယ်။

စစ်ပွဲတွေအတွင်း စစ်ဘက်၊ အရပ်ဘက် မခွဲခြားဘဲ တိုက်ခိုက်မှုကိစ္စ၊ ခုလို သတ်ဖြတ်ချိုးဖောက်မှုတွေက တချိန်မှာတော့ တာဝန်ယူတာဝန်ခံမှုတွေအတွက် ပြောကြဆိုကြရမှာ ဖြစ်ပါတယ်။ ■

## ■ အစုအပြုံလိုက်သတ်ဖြတ်မှု ၅၇ ခုအတွင်း အရပ်သား ၁,၂၂၄ ဦးထက်မနည်း သေဆုံး

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်အထိ)


အာဏာသိမ်းမှုအလွန် လက်နက်ကိုင်ပဋိပက္ခများအတွင်း အရပ်သားများအပေါ် ကျူးလွန်ခဲ့သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု ဖြစ်စဉ်ပေါင်း ၅၇ ခုထက်မနည်း ရှိခဲ့ပြီး **အရပ်သား ၁,၂၂၄ ဦးထက်မနည်း** သေဆုံးခဲ့ရသည်။ စစ်ကိုင်းတိုင်းရှိ မြို့နယ်ပေါင်း ၁၇ ခုတွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ် **၃၂ ခုထက်မနည်း** ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့သည်။ အဆိုပါဖြစ်စဉ်များကြောင့် စစ်ကိုင်းတိုင်းအတွင်း သတ်ဖြတ်ခံခဲ့ရသည့် အရပ်သား **၆၆၂ ထက်မနည်း** ရှိခဲ့ပြီး စုစုပေါင်း ပမာဏ၏ **၅၄ ရာခိုင်နှုန်းကျော်**ရှိခဲ့သည်။

### သနန်ရွာဖြစ်စဉ်

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် တမူးမြို့နယ် သနန်ရွာမှ ဒေသခံ **၃၇ ဦး**ကို ကူကီးလက်နက်ကိုင်တပ်များက ဖမ်းဆီးသတ်ဖြတ်ခဲ့။ နိုင်ငံအနှံ့တွင် စစ်ကောင်စီတပ်မဟုတ်သောလက်နက်ကိုင်တပ်များက ကျူးလွန်ခဲ့သည့်အစုအပြုံလိုက် သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်**ငါးခုထက်မနည်း** ရှိခဲ့ပြီး **၉၇ ဦးထက်မနည်း** သေဆုံးခဲ့။

### ဗျိုင်းဖြူရွာဖြစ်စဉ်

၂၀၂၄ ခုနှစ် မေ ၁၉ ရက်တွင် စစ်တွေမြို့နယ် ဗျိုင်းဖြူကျေးရွာအတွင်းသို့ စစ်ကောင်စီစစ်ကြောင်း ဝင်ရောက်စီးနင်းပြီး **အရပ်သား ၇၆ ဦး**ကို အစုအပြုံလိုက် သတ်ဖြတ်ခဲ့။ နိုင်ငံအနှံ့တွင် စစ်ကောင်စီ စစ်ကြောင်းထိုးစဉ် အစုအပြုံလိုက် သတ်ဖြတ်ခံခဲ့ရသည့် ဖြစ်စဉ်ပေါင်း **၂၂ ခုထက်မနည်း** ရှိခဲ့ပြီး အရပ်သား **၄၁၈ ဦးထက်မနည်း** သေဆုံးခဲ့။




### ပဇီကြီးဖြစ်စဉ်


၂၀၂၃ ခုနှစ် ဧပြီ ၁၁ ရက်တွင် ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာ၌ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အမျိုးသား ၁၁၂ ဦး၊ အမျိုးသမီး ၂၄ ဦးနှင့် ကလေး ၃၈ ဦး၊ အရပ်သား စုစုပေါင်း **၁၇၄ ဦး** သေဆုံးခဲ့။ နိုင်ငံအနှံ့တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အစုအပြုံလိုက် သေဆုံးခဲ့ရသည့် ဖြစ်စဉ်ပေါင်း **၁၈ ခုထက်မနည်း**ရှိခဲ့ပြီး အရပ်သား **၅၁၈ ဦးထက်မနည်း** သေဆုံးခဲ့။

### ဆုံရွာဖြစ်စဉ်

၂၀၂၄ ခုနှစ် မေ ၉ ရက်တွင် မြင်းခြံမြို့နယ် ဆုံရွာအတွင်း စစ်ကောင်စီနှင့် ဒေသခံ တော်လှန်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားနေစဉ် ကျေးရွာအတွင်း လက်နက်ကြီးကျည် ကျရောက်မှုကြောင့် အရပ်သား **၃၂ ဦး** သေဆုံးခဲ့။ နိုင်ငံအနှံ့တွင် လက်နက်ကြီးကျည် ကျရောက်မှုကြောင့် အစုအပြုံလိုက် သေဆုံးခဲ့ရသည့် ဖြစ်စဉ်ပေါင်း **လေးခုထက်မနည်း**ရှိခဲ့ပြီး အရပ်သား **၆၅ ဦးထက်မနည်း** သေဆုံးခဲ့။

### မိုဆိုရွာဖြစ်စဉ်

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ဖရူဆိုမြို့နယ်၊ မိုဆိုရွာသို့ စစ်ဘေးရှောင်လာသည့် အရပ်သား **၄၄ ဦး**ကို စစ်ကောင်စီတပ်က တစုတည်းသတ်ဖြတ်ခဲ့ပြီး ရုပ်အလောင်းများကို မီးရှို့ခဲ့။ သေဆုံးသူများထဲတွင် Save The Children ဝန်ထမ်းနှစ်ဦးလည်းပါဝင်ခဲ့။ နိုင်ငံအနှံ့တွင် စစ်ကောင်စီစစ်ကြောင်းထိုးစဉ် မီးရှို့သတ်ဖြတ်ခံခဲ့ရသည့် ဖြစ်စဉ်ပေါင်း **ရှစ်ခုထက်မနည်း** ရှိခဲ့ပြီး အရပ်သား **၁၂၆ ဦးထက်မနည်း** သေဆုံးခဲ့။




**အစုလိုက်အပြုံလိုက် သေဆုံးခဲ့မှုအမျိုးအစားများ**

- ● စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကိုခံရခြင်း
- ■ စစ်ကောင်စီ စစ်ကြောင်းဝင်ချိန် မီးရှို့သတ်ဖြတ်ခံရခြင်း
- ▲ စစ်ကောင်စီ၏ လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်ခံရခြင်း
- ◆ စစ်ကောင်စီ စစ်ကြောင်းဝင်ချိန် သတ်ဖြတ်ခံရခြင်း
- ⬢ စစ်ကောင်စီတပ်မဟုတ်သော အခြားလက်နက်ကိုင်တပ်ဖွဲ့များ၏ ကျူးလွန်မှု

**အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရသူ အရေအတွက်**

- ● ၁၀ မှ ၂၀ ဦးအထိ
- ● ၂၀ မှ ၃၇ ဦးအထိ
- ● ၃၇ မှ ၁၇၄ ဦးအထိ

- ■ ISP-Myanmar ၏ သုံးလတကြိမ် သုတေသနပြုလေ့လာချက်များက ဖော်ပြနေသော လုံခြုံရေးဆိုင်ရာ အကျပ်အတည်း၊ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းနှင့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ယန္တရားများ ရပ်ဆိုင်းနေခြင်း စသော ပဋိပက္ခညွှန်းကိန်းသုံးခုစလုံး ပြင်းထန်သက်ရောက်မှု ဆုံချက်ကျနေသည့် မြို့နယ်များ
- ■ အာဏာသိမ်းမှုအလွန် လက်နက်ကိုင်တိုက်ပွဲ အနည်းဆုံး တကြိမ်နှင့်အထက်ဖြစ်ပွားခဲ့သော မြို့နယ်များ

**မှတ်ချက်**

အစုအပြုံလိုက် သတ်ဖြတ်ခံရသော ဖြစ်စဉ်များကို ဖော်ပြရာတွင် အရပ်သား ၁၀ ဦးနှင့်အထက် သေဆုံးခဲ့ရသည့် ဖြစ်ရပ်များကိုသာ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်။ စစ်ကောင်စီတပ်မဟုတ်သော အခြားလက်နက်ကိုင်တပ်ဖွဲ့များ၏ ကျူးလွန်မှုဟုဆိုရာတွင် ကရင်အမျိုးသား ကာကွယ်ရေးအဖွဲ့အစည်း (KNDO)၊ ပအိုဝ်းအမျိုးသားတပ်မတော် (PNA/PNO)၊ ကူကီးအမျိုးသားများ တပ်မတော် (KNA/KNO) နှင့် အဖွဲ့အစည်းအတိအကျမသိရသော ဒေသကာကွယ်ရေးတပ်ဖွဲ့နှစ်ဖွဲ့ကို ဆိုလိုပါသည်။ ယခုဖော်ပြထားသော ဒေတာအချက်အလက်များသည် ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက် စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များဖြစ်ပါသည်။ အခြား လွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားရှိပြီး မြေပြင်အခြေအနေအပါအဝင် ဒေတာရရှိမှုအကန့်အသတ်များကြောင့် အနည်းငယ်ကွဲလွဲမှုရှိနိုင်ပါသည်။

## အာရုံစိုက်ထိုက်သော စာကိုးစကားကိုး

**QUOTE OF THE WEEK**

‘၁၀၂၇ စစ်ဆင်ရေး အပိုင်း-၂ က အထူးသဖြင့် နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ မိုးမိတ်၊ မိုးကုတ်မှာဆို TNLA က ဦးဆောင်တာဖြစ်တဲ့အတွက်ကြောင့် ကျမတို့ လက်ရှိသိမ်းထားတဲ့၊ ထိန်းထားတဲ့ မြို့တွေကိုလည်း TNLA က တာဝန်ယူမှု၊ တာဝန်ခံမှုအနေနဲ့က လက်ရှိကတော့ အုပ်ချုပ်ရေးဖော်ဆောင်မှာ ဖြစ်ပါတယ်’

---

**TNLA ပြန်ကြားရေးတာဝန်ခံ**

လွေးယေဦး

၂၀၂၄ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ဘီဘီစီမြန်မာပိုင်းသတင်းဌာနက ထုတ်လွှင့်ခဲ့သော **‘မိုးကုတ်မြို့ စီမံအုပ်ချုပ်ရေး TNLA ဦးဆောင်မယ်’** ရုပ်သံသတင်းမှ ကောက်နုတ်ချက်။

ISP-Myanmar ရဲ့ ဖော်ပြချက်တွေကို
Telegram Channel မှာလည်း ဖတ်ရှုနိုင်ပါတယ်။

---

ISP Telegram

စောင့်ကြည့်ရမည့် ဖြစ်စဉ်များ

TRENDS TO WATCH

# စစ်ပွဲများအလယ်က နယ်စပ်ကုန်သွယ်ရေး

ရှမ်းမြောက်ကုန်သွယ်ရေးလမ်းအစား ရှမ်းအရှေ့ကုန်သွယ်ရေးလမ်းသစ် ဖော်ဆောင်ရန် စစ်ကောင်စီက စိုင်းပြင်းနေသော်လည်း ခရီးပေါက်မည့်ပုံ မရှိပေ။

မြန်မာနဲ့ အိမ်နီးချင်းနိုင်ငံတွေအကြား တရားဝင် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၇ ခု ရှိတဲ့အထဲ ငါးခုကို ပြီးခဲ့တဲ့ခုနစ်လအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) တွေက သိမ်းယူထိန်းချုပ်ခဲ့ပါတယ်။ EAOs တွေ သိမ်းယူထားတဲ့ နယ်စပ်ကုန်သွယ်ရေး စခန်းငါးခုထဲမှာ မူဆယ်၊ ချင်းရွှေဟော်နဲ့ လွယ်ဂျယ် စခန်းသုံးခုဟာ မြန်မာ-တရုတ်နယ်စပ်မှာ ရှိပါတယ်။ ကျန်နှစ်ခုထဲက မယ်စဲ့စခန်းဟာ မြန်မာ-ထိုင်းနယ်စပ်မှာရှိပြီး၊ ရိဒ်စခန်းကတော့ မြန်မာ-အိန္ဒိယနယ်စပ်မှာရှိပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးမှာ အရေးပါတဲ့ မြဝတီမြို့ကို ကရင်အမျိုးသား အစည်းအရုံး (KNU) နဲ့ ပူးပေါင်းတပ်တွေ ယာယီသိမ်းခဲ့တာ ရှိပေမဲ့ အခုအချိန်မှာတော့ နယ်ခြားစောင့်တပ် (BGF) က ပြန်ယူထားပါတယ်။

အာဏာသိမ်းမှုအလွန် သုံးနှစ်ကျော်ကာလအတွင်းမှာ မြန်မာနိုင်ငံရဲ့ ပြည်ပကုန်သွယ်မှုတန်ဖိုး စုစုပေါင်းဟာ အမေရိကန်ဒေါ်လာ ၁၀၅ ဒသမ ၇ ဘီလီယံ ရှိပါတယ်။ ဒီအထဲမှာ ပင်လယ်ရေကြောင်းကုန်သွယ်ရေးပမာဏက အမေရိကန် ဒေါ်လာ ၇၈ ဒသမ ၅ ဘီလီယံနီးပါးရှိပြီး နယ်စပ်ကုန်သွယ်ရေးပမာဏဟာ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂ ဘီလီယံ ရှိပါတယ်။ EAOs တွေ သိမ်းယူထားတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်း ငါးခုရဲ့ ကုန်သွယ်မှုတန်ဖိုးက အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံနီးပါးရှိပြီး စစ်ကောင်စီ ဆက်ထိန်းထားတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေရဲ့ ကုန်သွယ်မှုတန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၇ ဘီလီယံပဲ ရှိပါတော့တယ်။

ဒါကြောင့် သုံးနှစ်ကျော်ကာလအတွင်း ပြည်ပကုန်သွယ်မှုတန်ဖိုးအားလုံးကို ရာခိုင်နှုန်းနဲ့ အချိုးချတဲ့အခါ ၇၄ ဒသမ ၃ ရာခိုင်နှုန်းဟာ ပင်လယ်ရေကြောင်းကုန်သွယ်မှုက ရနေပါတယ်။ ကျန်တဲ့ ၁၆ ဒသမ ၇ ရာခိုင်နှုန်းကို စစ်ကောင်စီက ဆက်ထိန်းထားတဲ့ နယ်စပ်စခန်းတွေကရပြီး ကိုးရာခိုင်နှုန်းကတော့ EAOs တွေသိမ်းထားတဲ့ နယ်စပ်စခန်းတွေက ဖြစ်တယ်လို့ နားလည်နိုင်ပါတယ်။ ပမာဏအားဖြင့် နှိုင်းယှဉ်ရင် နယ်စပ်ကုန်သွယ်ရေးတန်ဖိုးက ပင်လယ်ရေကြောင်းကုန်သွယ်မှုထက် နည်းပါတယ်။ ဒါပေမဲ့ ပိုပြီးပြင်းထန်လာတဲ့ လက်

- နက်ကိုင်ပဋိပက္ခတွေနဲ့အတူ ကုန်စည်စီးဆင်းမှု ရပ်တန့်တာ၊ နှောင့်နှေးကြန့်ကြာတာတွေနဲ့ သယ်ပို့စရိတ် အဆမတန် မြင့်မားလာတာတွေကြောင့် နယ်စပ်ကုန်သွယ်ရေး ခါးပြတ်လာပြီး မြန်မာ့လူ့အဖွဲ့အစည်းအပေါ် ဖိစီးမှု ပိုကြီးလာပါတယ်။

## ခါးပြတ်လာသော နယ်စပ်ကုန်သွယ်ရေး

လက်ရှိမှာ ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA) သိမ်းယူထားတဲ့ မူဆယ်နဲ့ ချင်းရွှေဟော်စခန်း၊ အာရက္ခတပ်တော် (AA) နဲ့ တိုက်ပွဲပြင်းထန်နေတဲ့ ရခိုင်ပြည်နယ်တွင်းက စစ်တွေနဲ့ မောင်တောစခန်း၊ ချင်းအမျိုးသားတပ်မတော် (CNA) သိမ်းယူထားတဲ့ ရိဒ်စခန်း စတာတွေအားလုံးရဲ့ နယ်စပ်ကုန်သွယ်မှုက ရပ်တန့်နေပါတယ်။ ကရင်နီ အမျိုးသားကာကွယ်ရေးတပ် (KNDF) သိမ်းယူထားတဲ့ မယ်စဲ့စခန်းကတော့ ၂၀၂၀ ပြည့်နှစ် နှောင်းပိုင်းကတည်းက ကုန်သွယ်မှုမရှိတော့ပါဘူး။ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ထိန်းချုပ်ထားတဲ့ လွယ်ဂျယ်စခန်းလည်း ကုန်သွယ်မှုရပ်နေပါပြီ။ မေလနောက်ပိုင်း ပြင်းထန်လာတဲ့ တိုက်ပွဲတွေကြောင့် ဗန်းမော်-မန္တလေး ကားလမ်းမကိုလည်း နှစ်ဘက်တပ်တွေက ပိတ်ထားလိုက်ပါတယ်။

၂၀၂၃ ခုနှစ် အောက်တိုဘာနှောင်းပိုင်းမှာ စတင်ခဲ့တဲ့ 'စစ်ဆင်ရေး ၁၀၂၇'နဲ့ ၂၀၂၄ ခုနှစ် ဇွန်လနောက်ဆုံးပတ်မှာ ပြန်စခဲ့တဲ့ 'စစ်ဆင်ရေး ၁၀၂၇' အပိုင်း-၂ အလွန်မှာတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို ဖြတ်သန်းပြီး တရုတ်နိုင်ငံနဲ့ကူးသန်းမှု အဓိကလုပ်နေတဲ့ ရှမ်းမြောက်ကုန်သွယ်ရေးလမ်းကြောင်းဟာ လုံးဝရပ်တန့်သွားပြီလို့ဆိုနိုင်ပါတယ်။ 'စစ်ဆင်ရေး ၁၀၂၇' ပထမအကျော့အပြီးမှာ ရပ်တန့်ခဲ့တဲ့ ရှမ်းမြောက်ကုန်သွယ်ရေးလမ်းကြောင်းအစား တခြားလမ်းကြောင်းတွေကို အစားထိုးဖို့ ကုန်သည်တွေဘက်ကရော စစ်ကောင်စီဘက်ကပါ ကြိုးစားခဲ့ကြပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ကျိုင်းတုံစခန်းကိုဖြတ်ပြီး အထူးဒေသ-၄ မိုင်းလားအဖွဲ့ (NDAA-ESS) ထိန်းချုပ်ထားတဲ့ မိုင်းလားဂိတ်နဲ့ ကချင်ပြည်နယ်က လွယ်ဂျယ်ဂိတ်ကို အစားထိုးဖို့ ကြိုးစားခဲ့တာပါ။ အခုဆို လွယ်ဂျယ်လမ်းကြောင်းကလည်း အဆင်မပြေတော့ပါဘူး။ မိုင်းလားဂိတ်ကို ဖြတ်သန်းတဲ့အခါမှာလည်း လမ်းကြောင်းရှည်လျားတဲ့အပြင် ကုန်ကျစရိတ်က သာမန်ထက် သုံးဆဝန်းကျင် ပိုများပါတယ်။

ထိုင်းနိုင်ငံနဲ့ နယ်စပ်ကုန်သွယ်မှုကို ကြည့်ရင်လည်း တနင်္သာရီတိုင်းက နဘုလယ်/ထီးခီးကို စစ်ကောင်စီက ဆက်ထိန်းထားပေမဲ့ အဲဒီစခန်းကနေ သဘာဝဓာတ်ငွေ့တင်ပို့မှုကပဲ အများဆုံး ဖြစ်နေပါတယ်။ ဒုတိယအကြီးဆုံးဖြစ်တဲ့ မြဝတီစခန်းကလည်း ၂၀၂၃ ခုနှစ် နှောင်းပိုင်းကစပြီး တိုက်ပွဲတွေကြောင့် ကုန်စည်စီးဆင်းမှု ကြန့်ကြာခဲ့ပါတယ်။ မြဝတီမြို့ကို BGF က

ပြန်ထိန်းထားပေမဲ့ မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးကို အခုထိ အသုံးမပြုနိုင်သေးပါဘူး။ မြဝတီနယ်စပ်လမ်းကြောင်းအစား တောလမ်းဖြစ်တဲ့ ထို့ကော်ကိုး-ကျော်ခိုလမ်းကို အဆင်းတရက်၊ အတက်တရက်နဲ့ အစားထိုးအသုံးပြုနေတာလည်း ရှိပါတယ်။ ဒီလမ်းကြောင်းက ပိုရှည်သလို ကုန်တင်ကားကြီးတွေမသွားနိုင်လို့ ကားငယ်တွေနဲ့ပဲ ခွဲခြမ်းသယ်ယူရပါတယ်။ အရင်ကာလတွေတုန်းကတော့ အာရှလမ်းမကြီးကနေ ပေ ၄၀ တွဲကားတွေနဲ့ ကုန်သယ်နိုင်ပါတယ်။ ကားတစီးအတွက် ရန်ကုန်အရောက် သယ်ပို့ခ ကျပ်သိန်း ၁၂၀ ကုန်ကျခဲ့ပါတယ်။ အခုတော့ အဲဒီပမာဏနဲ့ညီမျှတဲ့ ကုန်စည်တွေကို ခြောက်ဘီးကား (ကုန်တင်ကားငယ်) သုံးစီးခွဲပြီး သယ်ရပါတယ်။ ဒီကားငယ်တွေက ကုန်ပစ္စည်း ခုနစ်တန်ကနေ ကိုးတန်လောက်အထိပဲ သယ်ဆောင်နိုင်တဲ့အပြင် ရန်ကုန်မြို့အထိ ကုန်တင်ခ ကျပ်သိန်း ၄၀ ကနေ ၄၈ သိန်းအထိ ကုန်ကျပါတယ်။ ကုန်သယ်ပို့ခဟာ အရင်ထက်ပိုများသွားပြီး ဖြတ်သန်းရတဲ့ လမ်းကြောင်းတလျှောက်က လက်နက်ကိုင်အဖွဲ့မျိုးစုံကိုလည်း အခွန်အကောက်ပေးရပါသေးတယ်။ ဒါ့အပြင် မမျှော်မှန်းနိုင်တဲ့ ပျက်စီးဆုံးရှုံးမှုတွေလည်း ကြုံရနိုင်ခြေ မြင့်မားတာမို့ စွန့်စားလုပ်ဆောင်ရတဲ့သဘော ဆောင်ပါတယ်။ အချိန်နဲ့အမျှ မြန်မာငွေ တန်ဖိုးကျမှုကလည်း ကုန်သည်တွေအပေါ် သက်ရောက်မှုကြီးပါတယ်။ ဥပမာ- ကုန်စည်ဝယ်ချိန်က ငွေဈေး၊ ကုန်စည်ကို ယာယီသိုလှောင်ထားချိန်က ငွေဈေး၊ ကုန်စည် လက်ဝယ်ရောက်ချိန်နဲ့ သယ်ပို့ချိန် ငွေဈေး ကွာဟချက်ကြီးပြီး ကုန်သည်တွေအရှုံးပေါ်တဲ့အခါ ဒီဒဏ်တွေကို စားသုံးသူကပဲ ခါးစည်းခံရသလို ဖြစ်နေပါတယ်။


ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ နယ်စပ်ကုန်သွယ်နေတဲ့ စစ်တွေနဲ့ မောင်တော စခန်းတွေဟာလည်း ရပ်တန့်နေပါပြီ။ လက်ရှိမှာ ရခိုင်ပြည်နယ်က မြို့အတော်များများမှာ ဆန်အပါအဝင် အခြေခံစားသောက်ကုန်နဲ့ ဆေးဝါးတွေ ပြတ်လပ်တာ၊ ဈေးကြီးတာတွေကို ကြုံတွေ့နေရပါတယ်။ ချင်းတော်လှန်ရေးအင်အားစုတွေ ထိန်းချုပ်ထားတဲ့ မြန်မာ-အိန္ဒိယနယ်စပ် ရိဒ်စခန်းလည်း ၂၀၂၂ ခုနှစ် ဧပြီလကစပြီး ကုန်သွယ်မှုရပ်ဆိုင်းနေသလို စစ်ကိုင်းတိုင်းက တမူးစခန်းဟာလည်း တိုက်ပွဲတွေနဲ့ လမ်းခရီးအခက်အခဲကြောင့် အနည်းအကျဉ်းပဲ ကုန်သွယ်နိုင်ပါတယ်။

## ပင်လယ်ရေကြောင်းနှင့် လေကြောင်းကုန်သွယ်ရေး

ကုန်းလမ်းအားပြုတဲ့ နယ်စပ်ကုန်သွယ်ရေး ခက်လာတဲ့အခါ ပင်လယ်ရေကြောင်းကနေ ပြောင်းလဲကုန်သွယ်ဖို့ စစ်ကောင်စီက ကြိုးပမ်းပါတယ်။ ထိုင်းနိုင်ငံနဲ့ ကုန်သွယ်ရာမှာ မြဝတီလမ်းကြောင်းအစား ရန်ကုန်-ကော့သောင်း-ရနောင်း ပင်လယ်ရေကြောင်းလမ်းကို ပြောင်းသုံးပါတယ်။ ရနောင်းဆိပ်ကမ်းဟာ ထိုင်းနိုင်ငံအတွက် အဓိကကျတဲ့ ဆိပ်ကမ်းကြီး မဟုတ်

# ■ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးတန်ဖိုး ၉၁ ရာခိုင်နှုန်းကို EAOs များ ထိန်းချုပ်ထား

အာဏာသိမ်းမှုအလွန် သုံးနှစ်ကျော်ကာလအတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံအကြား တရားဝင်**နယ်စပ်ကုန်သွယ်ရေးစခန်းငါးခု**၏ ကုန်သွယ်မှုတန်ဖိုးစုစုပေါင်းမှာ **အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃ ဘီလီယံ**ကျော် ရှိသည်။ လက်ရှိတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) များ ထိန်းချုပ်ထားသော **မူဆယ်၊ ချင်းရွှေဟော်**နှင့် **လွယ်ဂျယ်** စခန်းသုံးခု၏ ကုန်သွယ်မှုတန်ဖိုးမှာ **အမေရိကန်ဒေါ်လာ ၉ ဒသမ ၄ ဘီလီယံ** ရှိသည်။ ထိုပမာဏမှာ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှုတန်ဖိုး စုစုပေါင်း၏ **၉၁ ရာခိုင်နှုန်း**ဖြစ်သည်။ စစ်ကောင်စီထိန်းချုပ်ထားဆဲဖြစ်သော **ကန်ပိုက်တီ**နှင့် **ကျိုင်းတုံ**ကုန်သွယ်ရေးစခန်းနှစ်ခု၏ ကုန်သွယ်မှုမှာ **အမေရိကန်ဒေါ်လာ သန်း ၉၃၀ ကျော်သာ**ရှိပါသည်။ ထိုကုန်သွယ်ရေးစခန်းငါးခုနှင့် ချိတ်ဆက်ထားသည့် ကုန်သွယ်ရေးလမ်းပိုင်း ခြောက်ခုအနက် **တခု**ကိုသာ စစ်ကောင်စီက အပြည့်အဝထိန်းချုပ်ထားနိုင်သည်။




မှတ်ချက်

(က) ISP-Myanmar က စုဆောင်းထားသော အချက်အလက်များဖြစ်ပါသည်။ အခြား လွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားရှိပြီး မြေပြင်အခြေအနေအပါအဝင် ဒေတာရရှိမှု အကန့်အသတ်များကြောင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။


(ခ) နယ်စပ်ကုန်သွယ်ရေးတွင် စခန်းနှင့် ဂိတ်ဟူ၍ ခွဲခြားထားပြီး သက်ဆိုင်ရာဂိတ်များကို ပေါင်းစည်းကာ ကုန်သွယ်ရေးစခန်းဟု စစ်ကောင်စီက သတ်မှတ်ခေါ်ဆိုခြင်းဖြစ်သည်။ စစ်ကောင်စီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကုန်သွယ်ရေးကိန်းဂဏန်းများတွင် မုန်းကိုး၊ နမ့်ခမ်းနှင့် ရန်လုံကျိုင်းဂိတ်တို့မှ ကုန်သွယ်မှုကို ထည့်သွင်းတွက်ချက်ခြင်း ရှိ၊ မရှိ မသိရပေ။

(ဂ) မူဆယ်စခန်းအောက်ရှိ ကျင်စန်းကျော့ဂိတ်နှင့် ကြူကုတ်(ပန်ဆိုင်း)ဂိတ်တို့ကို မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) က ထိန်းချုပ်ထားပြီး မန့်ဝိန်းဂိတ်ကို စစ်ကောင်စီက ထိန်းချုပ်ထားသည်။ သို့သော် မန့်ဝိန်းဂိတ်သို့ ရောက်ရှိရန် ဖြတ်သန်းရသည့် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကို ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA)က ထိန်းချုပ်ထားသည်။

(ဃ) ၂၀၂၄ ခုနှစ် ဩဂုတ် ၆ ရက်အထိ နယ်စပ်ထိန်းချုပ်မှုအခြေအနေများကို ဖော်ပြထားခြင်းဖြစ်သည်။

## နယ်စပ်ကုန်သွယ်ရေး လမ်းဟောင်း၊ လမ်းသစ်နှင့် ဖြစ်နိုင်ခြေရှိသည့်လမ်းကြောင်းများ

ရှမ်းမြောက်ကုန်သွယ်ရေးလမ်း ရပ်တန့်သွားပြီးနောက် ကုန်သွယ်ရေးလမ်းသစ်လုပ်ရန် စစ်ကောင်စီက ကြိုးပမ်းနေသည်။ 'စစ်ဆင်ရေး ၁၀၂၇' အလွန်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) က ကျိုင်းတုံစခန်းကိုဖြတ်၍ အထူးဒေသ-၄ မိုင်းလားအဖွဲ့ (NDAA-ESS) ၏ မိုင်းလားဂိတ်မှ ကုန်သွယ်ခြင်းများရှိခဲ့သည်။ နောက်ပိုင်းတွင် အာရှအဝေးပြေးလမ်းမ နှစ်ခု ဆုံချက်ကျသည့် ကျိုင်းတုံကိုဗဟိုပြု၍ တရုတ်၊ ထိုင်းနှင့် လာအိုနိုင်ငံတို့နှင့်ပါ ကုန်သွယ်နိုင်မည့် ရှမ်းအရှေ့လမ်းသစ်ကို စဉ်းစားခဲ့သည်။ ထိုလမ်းကို ၂၀၁၉ ခုနှစ် ကတည်းကရည်မှန်းထားပြီး မဲခေါင်ဒေသတွင်းနိုင်ငံများ၏ ဒေသတွင်းပေါင်းစည်းရေးအစီအမံနှင့်လည်း ချိတ်ဆက်နေပါသည်။ ယင်းအပြင် ဝမ်ပုံဆိပ်ကမ်းမှတဆင့် မဲခေါင်မြစ်ကိုသုံးပြီး တရုတ်နိုင်ငံ ကွမ်းလေဆိပ်ကမ်း၊ ကျိုင်းလပ်မှတဆင့် လာအိုနိုင်ငံကိုဖြတ်၍ တရုတ်နိုင်ငံကိုချိတ်ဆက်မည့် လမ်းကြောင်းလည်း ဖြစ်လာနိုင်ခြေရှိသည်။




မှတ်ချက် ISP-Myanmar က စုဆောင်းထားသော အချက်အလက်များဖြစ်ပါသည်။ အခြား လွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထား ရှိပြီး မြေပြင်အခြေအနေအပေါ်အဝင် ဒေတာရရှိမှု အကန့်အသတ်များကြောင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။

ပေမဲ့ ကပ္ပလီပင်လယ်ပြင်ကိုထွက်တဲ့ ရေနက်ဆိပ်ကမ်းဖြစ်ပါတယ်။ တကြိမ်မှာ ကုန်သေတ္တာ ၁၂,၀၀၀ ကို ဝန်ဆောင်မှုပေးနိုင်တဲ့စွမ်းအား ရှိပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေး (ရန်ကုန်-ကော့သောင်း-ရနောင်း) ကို ကွန်တိန်နာစနစ်နဲ့ သင်္ဘောတင် ကုန်သွယ်ခွင့်ပြုဖို့ ၂၀၂၄ ခုနှစ် ဧပြီ ၁၁ ရက်မှာ စစ်ကောင်စီ စီးပွားရေးနဲ့ကူး သန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြေညာခဲ့ပြီး လိုင်စင်တွေထုတ်ပေးခဲ့ပါတယ်။ နယ်စပ် ကုန်သွယ်ရေးနည်းလမ်းနဲ့ပဲ ဆောင်ရွက်ရမယ်လို့ ဆိုပါတယ်။ နယ်စပ်လမ်းကြောင်းတွေ အခက်အခဲကြောင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေဖို့ အစားထိုးတဲ့သဘောပါပဲ။ မြန်မာကနေ ထိုင်းကို ရေထွက်ပစ္စည်းနဲ့ ဆီအုန်းကြိတ်ဖတ်တွေ တင်ပို့ပါတယ်။ မြန်မာဘက်ကိုတော့ ဘိလပ်မြေ၊ ဓာတ်မြေသြဇာ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီနဲ့ စက်မှုကုန်ကြမ်းပစ္စည်းတွေ ပြန်လည် တင်သွင်းပါတယ်။

စစ်ကောင်စီ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အချက်အလက်တွေအရ ရနောင်း-ကော့သောင်း နယ်စပ်ကုန်သွယ်ရေး ပမာဏဟာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၁၁ လ အတွင်းမှာ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၂၀၀ နီးပါး ရှိခဲ့ပါတယ်။ ကုန်သည် အသိုက်အဝန်းတွေရဲ့ ဖော်ပြချက်အရ ရနောင်းကသင်္ဘောတွေဟာ ရန်ကုန်ကိုရောက်ဖို့ သုံးညအိပ်လေးရက်ကြာပါတယ်။ ရောက်မယ့်အချိန်ကိုလည်း ကြိုတင်ခန့်မှန်းနိုင်ပါတယ်။ လုံခြုံရေးပြဿနာနဲ့ အပိုဆောင်းကုန်ကျငွေ ပေးရတာလည်း မရှိပါဘူး။ ကုန်ကျစရိတ်က ကွန်တိန်နာတလုံးကို ကျပ်သိန်း ၁၀၀ ဝန်းကျင် ကျသင့်တယ်ဆိုတော့ နယ်စပ်ကုန်သွယ်ရေး ထက် ဈေးသက်သာပါတယ်။ ဒါပေမဲ့ ပင်လယ်ရေကြောင်း သဘာဝဘေးအန္တရာယ် ထိခိုက် နိုင်ခြေရှိတာမို့ အချို့သော ကုန်သည်တွေကတော့ စိုးရိမ်မှုရှိပါတယ်။ ရနောင်းမှာ သင်္ဘော လိုင်းကုမ္ပဏီ ခုနစ်ခုရှိပြီး ကုမ္ပဏီတခုကို သင်္ဘောခုနစ်စင်းကနေ အစင်း ၃၀ လောက်အထိ ပြေးဆွဲနေပါတယ်။

နယ်စပ်ကုန်သွယ်ရေး အကျပ်အတည်းကာလမှာ မြန်မာနဲ့ တရုတ်နိုင်ငံ နန်နင်းနဲ့ ကူမင်းမြို့ တို့အကြား ကုန်သွယ်လေယာဉ်ကာဂိုနဲ့ ကုန်သွယ်မှုကိုလည်း တိုးမြှင့်ကြပါသေးတယ်။ ဒါပေမဲ့ လေကြောင်းကာဂိုသဘောအရ ကုန်ကျစရိတ်ပိုမြင့်မားပြီး အသွားအပြန်အတွက် လည်း ကုန်တွေ စီစဉ်ထားဖို့လိုအပ်ပါတယ်။ အခုအချိန်မှာတော့ လေကြောင်းကတဆင့် ပင်လယ်စာတင်ပို့မှုတွေကိုပဲ လုပ်နေကြတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံရဲ့ အဓိကပို့ကုန် ဖြစ်တဲ့ စိုက်ပျိုးရေးထွက်ကုန်တွေနဲ့ ရေထွက်ပစ္စည်းတွေရဲ့ ထက်ဝက်လောက်ကို ပုံမှန်အားဖြင့် နယ်စပ်ကုန်သွယ်ရေးကတဆင့် တင်ပို့နေခဲ့တာပါ။ ဆေးဝါးနဲ့ စားသောက်ကုန်ကစလို့

အခြေခံ လူသုံးကုန်ပစ္စည်းတွေကိုလည်း နယ်စပ်ကုန်သွယ်ရေးကနေပဲ အဓိကတင်သွင်းခဲ့တာဖြစ်ပါတယ်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်နဲ့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်နှစ်ခုကို နှိုင်းယှဉ်ရင် နယ်စပ်ကုန်သွယ်ရေးကတဆင့် စိုက်ပျိုးရေးထွက်ကုန်တင်ပို့မှုဟာ အမေရိကန်ဒေါ်လာ သန်း ၃၃၀ နီးပါး လျော့နည်းသွားပါတယ်။ ဒါ့အပြင် အခြားပို့ကုန်အများစုလည်း တင်ပို့မှုကျဆင်းခဲ့ပါတယ်။ နယ်စပ်ကတင်သွင်းတဲ့ လူသုံးကုန်ပစ္စည်းတင်သွင်းမှုလည်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်းမှာ သိသိသာသာ လျော့နည်းသွားပါတယ်။

## တရားမဝင်ကုန်သွယ်မှု မြင့်မားလာနေ

နိုင်ငံတကာကုန်သွယ်မှုဒေတာ(ITC) တွေနဲ့ နှိုင်းယှဉ်ချက်အရ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဂျပန်တို့နဲ့ မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုစာရင်းတွေဟာ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံကနေ ၁၂ ဘီလီယံအထိ ကွာခြားမှုရှိတယ်လို့ စစ်ကောင်စီ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြောခဲ့ပါတယ်။ ISP-Myanmar ရဲ့ သုတေသနတွေ့ရှိချက်တွေအရလည်း အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီနဲ့ တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) ရဲ့ ထုတ်ပြန်ချက်တွေကို နှိုင်းယှဉ်ကြည့်တဲ့အခါ သုံးနှစ်အတွင်း ကုန်သွယ်မှုတန်ဖိုးကွာဟချက်ဟာ အမေရိကန်ဒေါ်လာ ၃၇ ဘီလီယံ ရှိနေပါတယ်။

ကုန်သွယ်သူအများစုဟာ တရားဝင်ကုန်သွယ်လိုကြပေမဲ့ အခုကာလမှာ တရားမဝင်ကုန်သွယ်မှုကပဲ ပိုများလာနေပါတယ်။ နယ်စပ်ကုန်သွယ်ရေးမှာ တရားမဝင်ကုန်သွယ်မှုက ၈၀ ရာခိုင်နှုန်းနဲ့ တရားဝင်က ၂၀ ရာခိုင်နှုန်းလောက်ပဲ ရှိတော့မယ်လို့ ခန့်မှန်းပါတယ်။ (အရင်တုန်းက တရားဝင် ၈၀ ရာခိုင်နှုန်းနဲ့ တရားမဝင် ၂၀ ရာခိုင်နှုန်းလို့ ခန့်မှန်းခဲ့ကြတာပါ)။ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာလည်း မိုင်းလားဒေသကိုဖြတ်ပြီး ဝမ်ပုံဆိပ်ကမ်းကနေတဆင့် တရုတ်နိုင်ငံနဲ့ကုန်သွယ်နေကြပါတယ်။ ကချင်ပြည်နယ် ကန်ပိုက်တီစခန်း၊ တနိုင်းရှီတိုင်းက မောတောင်ဂိတ်၊ ကရင်ပြည်နယ် ဘုရားသုံးဆူဂိတ်တွေမှာလည်း တရားမဝင်ကုန်သွယ်မှုတွေ အလုပ်ဖြစ်နေပါတယ်။

ရှမ်းမြောက်မှာရှိတဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းတွေ ပြန်ပွင့်ဖို့ 'ဟိုင်ဂင်ဆွေးနွေးပွဲ'တွေကတဆင့် တရုတ်နိုင်ငံဘက်က ကြိုးပမ်းခဲ့ပေမဲ့ ဖြစ်ဖို့မလွယ်တော့ပါဘူး။ EAOs တွေ ထိန်းချုပ်ထားတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေကို စစ်ကောင်စီက အသိအမှတ်မပြုသလို တရုတ်နိုင်ငံအနေနဲ့လည်း အစိုးရမဟုတ်တဲ့ အင်အားစုတွေ (non-state actors) နဲ့ သဘောတူစာချုပ်လုပ်ဖို့ ခက်ပါတယ်။ 'စစ်ဆင်ရေး ၁၀၂၇' အပိုင်း-၂ ကာလအတွင်းမှာလည်း မြန်မာ

- အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) နဲ့ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ထိန်းချုပ်ထားတဲ့ နယ်စပ်ဂိတ်တွေကို တရုတ်နိုင်ငံဘက်က ပိတ်ခဲ့ပါသေးတယ်။ မူဆယ်၊ ချင်းရွှေဟော်၊ လွယ်ဂျယ်စခန်းသုံးခုရဲ့ ကုန်သွယ်မှုတန်ဖိုးဟာ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစုစုပေါင်းတန်ဖိုးရဲ့ ၉၁ ရာခိုင်နှုန်းနီးပါး ရှိပါတယ်။

စစ်ကောင်စီကတော့ အာရှအဝေးပြေးလမ်းမ ၂ နဲ့ ၃ တို့ ဆုံချက်ကျပြီး နယ်မြေတည်ငြိမ်မှုလည်း ရထားတဲ့ ကျိုင်းတုံကို ဗဟိုထားတဲ့ ရှမ်းအရှေ့ ကုန်သွယ်ရေးလမ်းကြောင်းသစ် ဖော်ဆောင်ဖို့ စဉ်းစားခဲ့ပါတယ်။ အဲဒီလမ်းကို ၂၀၁၉ ခုနှစ်ကတည်းက ရည်မှန်းထားပေမဲ့ အခုမှ အရှိန်မြှင့်လုပ်ဆောင်လာတာပါ။ အဲဒီလမ်းကတဆင့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ လာအိုနိုင်ငံတို့ကိုပါ ချိတ်ဆက်ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းသစ်ဖြစ်ဖို့ မျှော်မှန်းပုံရပါတယ်။ ဒါပေမဲ့လည်း တိုက်ပွဲတွေဟာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကိုရော ရှမ်းပြည်နယ် (တောင်ပိုင်း)ကိုပါ အကျယ်တပြန့်ရောက်လာရင် ရှမ်းအရှေ့လမ်းကြောင်းလည်း အလုပ်ဖြစ်ဖို့ ခက်ပါတယ်။

ISP-Myanmar က ၂၀၂၄ ခုနှစ် ဧပြီလအတွင်း ဖြန့်ချိထားတဲ့ **‘တရုတ်-မြန်မာ ဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း (၂၀၂၃)’** တွေ့ရှိချက်အရလည်း တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံအကြား စီးပွားရေးဆက်ဆံမှုအခြေအနေက နောက်သုံးနှစ်နောက်ပိုင်းမှသာ ကောင်းလာမယ်လို့ ဖြေဆိုသူအားလုံးရဲ့ ၃၇ ရာခိုင်နှုန်းက သဘောထားပေးပါတယ်။ နောက်ထပ် ၃၃ ရာခိုင်နှုန်းကတော့ လုံးဝ ကောင်းလာမယ့်အနေအထားမရှိဘူးလို့ ဖြေဆိုထားပါတယ်။ ဒါကြောင့်မို့ လက်တွေ့မျက်တွေ့ အခြေအနေတွေနဲ့ နှိုင်းယှဉ်ကြည့်တဲ့အခါ အလှာပေါင်းစုံလူတန်းစားအသီးသီး၊ အခြေခံစားသောက်ကုန်နဲ့ လူသုံးကုန်ပစ္စည်းတွေအပေါ် တိုက်ရိုက်သက်ရောက်နေတဲ့ နယ်စပ်ကုန်သွယ်ရေးဟာ လာမယ့်ကာလတွေမှာလည်း ပိုဆိုးမယ့်အခြေအနေတွေဆီ ဦးတည်နေပါတယ်။ ■

‘တရုတ်-မြန်မာ ဆက်ဆံရေးအပေါ်
မြန်မာ့မူဝါဒ အသိုက်အဝန်း၏
သဘောထားအမြင်စစ်တမ်း (၂၀၂၃)’ကို ဖတ်ရှုရန် ➤

SCAN THIS CODE

# ဘင်္ဂလားဒေ့ရှ် လူထုအောင်ပွဲ နောက်ဝယ်

အာဏာလေဟာနယ်ဖြစ်မှုအပြင် စိန်ခေါ်မှုများရှိနေပြီး နိုင်ငံရေးအရ
ကျေလည်သဘောတူညီမှုများ ရနိုင်ရန် ခက်ခဲစွာ တည်ဆောက်ရဦးမည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ သက်တမ်းအရှည်ဆုံးဝန်ကြီးချုပ် ရှိတ်ဟာစီနာ (Sheikh Hasina) ဟာ ကျောင်းသားဆန္ဒပြပွဲတွေကြောင့် နုတ်ထွက်ခဲ့ရပြီး နိုင်ငံကနေ ထွက်ခွာသွားတဲ့နောက်မှာ သူ့ရဲ့ သံလက်သီးအုပ်ချုပ်ရေး ၁၆ နှစ်တာလည်း ပြီးဆုံးသွားခဲ့ပါပြီ။ လူဦးရေ သန်း ၁၄၀ ရှိတဲ့ အာရှနိုင်ငံတခုအတွက် ‘လူထုအောင်ပွဲ’လို့ ဖော်ပြကြပါတယ်။ဆန္ဒပြပွဲတွေအတွင်းမှာတော့ လူ ၃၀၀ လောက်အထိ သေဆုံးနိုင်တယ်လို့လည်း ဆိုကြပါတယ်။ ဝန်ကြီးချုပ် ထွက်သွားပြီးတဲ့နောက် ဘင်္ဂလားဒေ့ရှ် စစ်တပ်အကြီးအကဲ ဝါကာဥဇမန်း (Waker Uz-Zaman) က အခြေအနေကို ထိန်းခဲ့ပါတယ်။ နောက်ပိုင်းမှာ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် မိုဟာမက်ယူနွတ်စ် (Muhammad Yunus) က ကြားဖြတ်အစိုးရကို ဦးဆောင်ခဲ့ပါတယ်။

ရှိတ်ဟာစီနာရဲ့ အုပ်ချုပ်မှုသက်တမ်းက အတော်ကြီးကြာမြင့်ခဲ့ပါတယ်။ ၁၉၈၁ ခုနှစ် အဝါမီလိဂ် (Awami League) ပါတီ တည်ထောင်ကတည်းက ဦးဆောင်လာသူ ဖြစ်ပါတယ်။ နောက်ဆုံးအကြိမ်အပါအဝင် ရွေးကောက်ပွဲလေးဆက်တိတိ အနိုင်ရထားပြီး သူ့အုပ်ချုပ်မှုသက်တမ်းကာလမှာ နိုင်ငံ့စီးပွားရေးတော့ ဖွံ့ဖြိုးခဲ့ပါတယ်။ အထူးသဖြင့် ၁၉၉၁ ခုနှစ် စစ်တပ်အုပ်ချုပ်ရေးကနေ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွေလုပ်ပြီး ရှိတ်ဟာစီနာတလှည့်၊ သူရဲ့ စင်ပြိုင်ဝန်ကြီးချုပ် အမျိုးသမီးဖြစ်သူ ဘီဂမ်ခါလီဒါဇီယာ (Begum Khaleda Zia) က တလှည့်စီ အုပ်ချုပ်နေတဲ့ကာလတွေမှာ တည်ငြိမ်မှုနဲ့အတူ စီးပွားဖွံ့ဖြိုးမှု စတင်ဖြစ်ပေါ်ခဲ့ပါတယ်။ ကိုဗစ်ကပ်ဘေးမတိုင်ခင် ဆယ်စုနှစ်ကာလတွေမှာ ဘင်္ဂလားဒေ့ရှ် ဖွံ့ဖြိုးမှုနှုန်းက နှစ်စဉ် ခုနစ်ရာခိုင်နှုန်း ရှိနေခဲ့ပါတယ်။ တချို့က ‘ဘင်္ဂလားဒေ့ရှ် ဖွံ့ဖြိုးမှုမိုဒယ်’လို့တောင် တင်စားခေါ်ဆိုခဲ့ကြပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသမိုင်းက ၁၉၇၁ ခုနှစ်မှာ ပါကစ္စတန်နိုင်ငံကနေ သွေးထွက်သံယိုတိုက်ပွဲဝင်ပြီး ခွဲထွက်လာခဲ့တာပါ။ လွတ်လပ်ရေးတိုက်ပွဲ ဦးဆောင်ခဲ့သူက ရှိတ်ဟာစီနာရဲ့ဖခင် ရှိတ်မူဂျီဘာရာမန် (Sheikh Mujibur Rahman) ဖြစ်ပါတယ်။ နောက်ပိုင်းကာလတွေမှာတော့ စစ်တပ်ဝင်ရောက်စွက်ဖက်မှုတွေ ရှိခဲ့ပါတယ်။ အချို့သော ဝေဖန်ချက်တွေမှာ ရှိတ်ဟာစီနာရဲ့အာဏာကို စစ်တပ်က ကျောထောက်နောက်ခံပြုထားတယ်၊ အတိုက်အခံတွေကို ဖိနှိပ်မှုတွေနဲ့ အုပ်ချုပ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီနှစ်ဆန်းပိုင်း ဇန်နဝါရီလ

မှာ ကျင်းပတဲ့ ရွေးကောက်ပွဲမှာလည်း ပင်မအတိုက်အခံပါတီဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်အမျိုးသားရေးပါတီ (BNP) က သပိတ်မှောက်ခဲ့ပါတယ်။ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့မရှိဘူးလို့ စွပ်စွဲခဲ့ကြပါတယ်။ နိုင်ငံရေးအရ ဆန့်ကျင်မှုတွေကို အသံတိတ်စေဖို့ ဖိနှိပ်မှုတွေလည်း ရှိခဲ့ပါတယ်။ ဒီလိုနဲ့ ရှိတ်ဟာစီနာပါတီက ထပ်နိုင်ခဲ့ပြီး နှစ် ၂၀ ကြာ သက်တမ်းရှည်ဝန်ကြီးချုပ်ဖြစ်ဖို့ နီးစပ်ခဲ့ပါတယ်။

တဖက်မှာတော့ အကျင့်ပျက်ခြစားမှု ကျယ်ကျယ်ပြန့်ပြန့်ရှိနေပြီး ခရိုနီလူနည်းစုတွေပဲ ပိုလို့ကြွယ်ဝနေကြပါတယ်။ တရားရေး၊ သတင်းမီဒီယာနဲ့ ဥပဒေစိုးမိုးရေး တပ်ဖွဲ့တွေကိုလည်း သူ့လူတွေကပဲ ချုပ်ကိုင်ထားကြပါတယ်။ လူငယ်တွေမှာ သင့်တင့်လျော်ကန်တဲ့ အလုပ်အကိုင် ရှိမနေကြပါဘူး။ ကျောင်းသားဆန္ဒပြပွဲတွေ စတင်ဖြစ်ပေါ်လာတဲ့အကြောင်းက 'လွတ်လပ်ရေးတိုက်ပွဲဝင် အသိအမှတ်ပြုလက်မှတ်စနစ်' (Freedom fighter certification system) လို့ခေါ်တဲ့ကိစ္စကြောင့်ပါပဲ။ လွတ်လပ်ရေးတိုက်ပွဲဝင်သူတွေရဲ့ မိသားစု (တနည်းသစ္စာခံအုပ်စု) တွေကို အစိုးရအလုပ်အကိုင် ခန့်ပေးတဲ့စနစ်ပါ။ နောက်ပိုင်းမှာ ပြင်လို့မရလောက်အောင် ပျက်စီးပြီး မမျှတတဲ့စနစ်တရပ် ဖြစ်လာပါတယ်။ ဒီစနစ်ကို ချဲ့ထွင်လာတာ လွတ်လပ်ရေးတိုက်ပွဲဝင်တွေရဲ့ မြေးအဆင့်အထိ ရောက်လာပါပြီ။ ကျောင်းသားတွေက ဇွန်လထဲမှာ ဒီစနစ်ကို စတင်ဆန့်ကျင်ဆန္ဒပြခဲ့ကြပါတယ်။

အခု ဘယ်သူပဲအစိုးရဖြစ်ဖြစ် ရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေ များစွာရှိနေပါတယ်။ The Economist ဂျာနယ်ကတော့ အာဏာလေဟာနယ် အခြေအနေကို ထောက်ပြပါတယ်။ အခုအခြေအနေမှာ ဘင်္ဂလားဒေ့ရှ်ဟာ အုပ်စုတွေပြိုကွဲ၊ ဂိုဏ်းဂဏစိတ်နဲ့ အုပ်ချုပ်ရခက်ခဲတဲ့၊ မညီညွတ်တဲ့ နိုင်ငံတခု ဖြစ်နေပါတယ်။ နိုင်ငံရေးအရ ကျေလည်သဘောတူညီမှုတွေ ရနိုင်ဖို့ ခက်ခဲစွာတည်ဆောက်ရပါမယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်တွေထဲ ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးအရှုပ်အထွေးကလည်း ရေတိုနဲ့ ပြေလည်ဖွယ်မမြင်ပါဘူး။ အကျယ်အပြန့်ဖြစ်နေတဲ့ အဂတိလိုက်စားမှုတွေနဲ့ ဆူကြုံနိမ့်မြင့် လူတန်းစားမညီတဲ့ ခွဲဝေမှုနဲ့အတူ ခရိုနီစနစ်လည်း ကြီးထွားနေပါတယ်။ ငွေကြေးဖောင်းပွမှု အကျပ်အတည်းကိုလည်း ဖြေရှင်းရဦးမှာပါ။

အခုချိန်မှာတော့ အောင်ပွဲရ တခေတ်ပြောင်းသလို လူတွေက စိတ်အားထက်သန် တက်ကြွနေကြပါတယ်။ အကောင်းမြင်ဘက်က ကြည့်ရင်တော့ အာဏာရှင်ကို ပြောင်းမြောက်စွာဆန့်ကျင်ခဲ့ကြတဲ့ လူငယ်တွေ၊ အမျိုးသား၊ အမျိုးသမီးတွေရဲ့ ကြံ့ခိုင်မှု၊ သတ္တိပြောင်မြောက်မှုတွေက အားတက်ဖွယ်တော့ ရှိပါတယ်။ မတူကွဲပြားမှုတွေကို ဘေးချပြီး နိုင်ငံအတွက် အတူတကွ လက်တွဲလုပ်ကိုင်နိုင်ကြဖို့ပဲ မျှော်လင့်ရပါတယ်။ ■

# လာမည့်ငါးနှစ်အတွက် တရုတ်နိုင်ငံ၏အိပ်မက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသစ် တည်ထောင်ခြင်း နှစ် ၈၀ ပြည့်ဖြစ်သော ၂၀၂၉ ခုနှစ်တွင် အပြီးဆောင်ရွက်မည့် ပြုပြင်ပြောင်းလဲရေး ရည်မှန်းချက်များကို ချမှတ်ထားပါသည်။

---

တရုတ်ကွန်မြူနစ်ပါတီ ထိပ်တန်းခေါင်းဆောင်တွေပါဝင်တဲ့ အကြိမ် ၂၀ မြောက် ဗဟိုကော်မတီ တတိယအကြိမ်မျက်နှာစုံညီအစည်းအဝေးတရပ်ကို ဇူလိုင် ၁၅ ကနေ ၁၈ ရက်အထိ ဘေဂျင်းမှာ ကျင်းပခဲ့ပါတယ်။ ဗဟိုကော်မတီအဖွဲ့ဝင် ၂၀၅ ဦးအပြင် အရန်ဗဟိုကော်မတီအဖွဲ့ဝင် ၁၇၁ ဦး တက်ရောက်ပါတယ်။ ဇူလိုင် ၂၁ ရက်မှာတော့ ပြုပြင်ပြောင်းလဲရေးလမ်းပြ စီမံချက် (Reform Blueprint) ကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီထဲမှာ ပြုပြင်ပြောင်းလဲရေး အစီအစဉ် ၃၀၀ ကျော်ကို မြေပုံထုတ်ထားပြီး အပိုင်း ၁၅ ပိုင်းနဲ့ ကဏ္ဍ ၆၀ ကျော် ပါဝင်ပါတယ်။

## ဘာကြောင့်အရေးကြီးလဲ

အစဉ်အလာအရ တတိယအကြိမ်မျက်နှာစုံညီအစည်းအဝေးတွေမှာ နိုင်ငံ့စီးပွားရေး ပြုပြင်ပြောင်းလဲရေးအတွက် အပြောင်းအလဲ (turning point) ဖြစ်စေမယ့် မူဝါဒတွေကို ချမှတ်လေ့ရှိပါတယ်။ ၁၉၇၈ ခုနှစ်တုန်းက ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က အခုလိုအစည်းအဝေးမှာပဲ 'ပြုပြင်ပြောင်းလဲရေးနဲ့ တံခါးဖွင့်ရေး' အစီအစဉ်တွေ ကြေညာခဲ့ပါတယ်။ ၁၉၉၃ ခုနှစ် ၁၄ ကြိမ်မြောက်အစည်းအဝေးမှာတော့ 'ဆိုရှယ်လစ် ဈေးကွက်စီးပွားရေးစနစ်' ကျင့်သုံးမယ်လို့ ကြေညာခဲ့တာပါ။ ဒါ့အပြင် ၁၈ ကြိမ်မြောက်အစည်းအဝေးမှာလည်း ဈေးကွက်ကို ပိုပြီးဗဟိုပြုတဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှု မူဝါဒကို ချမှတ်ခဲ့ပါတယ်။ ဒီလို ပြုပြင်ပြောင်းလဲမှုတွေကြောင့် တရုတ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်ကို တင်ပေးနိုင်ခဲ့ပါတယ်။ အခုလည်း တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်တွေက လာမယ့်ငါးနှစ်အတွင်း အပြီးဆောင်ရွက်မယ့် ပြုပြင်ပြောင်းလဲရေး ရည်မှန်းချက်တွေကို ချမှတ်ခဲ့ပါတယ်။

## အစည်းအဝေးရလဒ် - အနာဂတ်အတွက် မျှော်မှန်းချက်များ

အစည်းအဝေးနဲ့ပတ်သက်တဲ့ ရှင်းလင်းချက်မှာ သမ္မတရှီက တရုတ်နိုင်ငံရဲ့ 'အရည်အသွေးမြင့်တဲ့ဖွံ့ဖြိုးမှု' ပန်းတိုင်ကိုသွားဖို့ လမ်းခရီးမှာ 'မညီမျှမှုနဲ့ မလုံလောက်မှု အကြောင်း

တရား’ကို အလေးအနက်ဖော်ပြခဲ့ပါတယ်။ သူက ပြင်ဆင်တိုးတက်ဖို့ လုပ်ဆောင်ရမယ့် နယ်ပယ်ကိုလည်း ဖော်ပြခဲ့ပါတယ်။ ဥပမာအားဖြင့် အစိုးရနဲ့ ဈေးကွက်အကြား ဆက်ဆံရေး၊ တီထွင်ဆန်းသစ်မှုအရည်အသွေးနဲ့ စက်မှုစနစ် (industrial system) ကိစ္စတွေ ဖြစ်ပါတယ်။ ဒါ့အပြင် မျှော်လင့်မထားတဲ့ ဖြစ်ရပ်ဆိုး(ငန်းနက် black swan ဖြစ်ရပ်)တွေနဲ့ စွန့်စားရမှု မြင့်မားလွန်းလှတဲ့သက်ရောက်မှု (မီးခိုးရောင်ကြံ့ gray rhino) ဖြစ်ရပ်တွေကို သတိပေးခဲ့ပါသေးတယ်။

အခုကျင်းပတဲ့ မျက်နှာစုံညီအစည်းအဝေးမှာ တရုတ်နိုင်ငံအစိုးရအနေနဲ့ ‘သိပ္ပံနဲ့ နည်းပညာ အင်အားကြီးနိုင်ငံ’ တည်ဆောက်ဖို့နဲ့ နည်းပညာအနာဂတ်နဲ့ပတ်သက်တဲ့ အစီအမံတွေ အကြောင်း ဆွေးနွေးခဲ့ပါတယ်။ မကြာသေးခင်ကပဲ အမေရိကန်နဲ့ ဥရောပဟာ ဈေးကွက်ကို လက်ဝါးကြီးအုပ်လာတဲ့ တရုတ်လျှပ်စစ်ကားတွေအပေါ် အခွန်ကို မတန်တဆမြှင့်တင်ခဲ့ပါတယ်။ သမ္မတရှီကျင့်ဖျင်ကတော့ သိပ္ပံနဲ့နည်းပညာမှာ ကိုယ့်ဘာသာအားကိုးဖို့က အရေးအကြီးဆုံးဖြစ်ပြီး ‘အရည်အသွေးရှိတဲ့ ထုတ်လုပ်မှုအင်အားစုအသစ်’ ဖွံ့ဖြိုးတိုးတက်ရေးကို လှုံ့ဆော်နေပါတယ်။ အရည်အသွေးမြင့်ဖွံ့ဖြိုးမှုကို လိုအပ်သလိုဦးစားပေးအနေနဲ့ တရုတ်နိုင်ငံရဲ့ စက်မှုထောက်ပံ့ရေးကွင်းဆက်ကို အဆင့်မြှင့်တင်ဖို့ ကြိုးပမ်းသွားမယ်လို့ တရုတ်ခေါင်းဆောင်တွေက ဆုံးဖြတ်ခဲ့ပါတယ်။

‘အဆင့်မြင့် ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ် တည်ဆောက်မှု’ကို ၂၀၃၅ ခုနှစ်မှာ အပြီးဆောင်ရွက်ဖို့ ရည်မှန်းထားပါတယ်။ လက်ရှိရာစုနှစ်အလယ်မှာ တရုတ်နိုင်ငံကို ကြီးကျယ်ခမ်းနားတဲ့ ခေတ်မီဆိုရှယ်လစ်နိုင်ငံဖြစ်ရေးကို ရည်ရွယ်တဲ့ အုတ်မြစ်တွေဖြစ်တယ်လို့ မျက်နှာစုံညီအစည်းအဝေးအပြီး ကြေညာချက်မှာ ထည့်သွင်းထုတ်ပြန်ခဲ့တာပါ။ ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်း၊ လူမှုဖူလုံရေး၊ ကျန်းမာရေးစနစ်တွေနဲ့ ပြည်သူ့ဘဝ အဆင်ပြေအောင် မြှင့်တင်ပေးဖို့က တရုတ်ပုံစံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအစီအမံရဲ့ အရေးကြီးတဲ့ မျှော်မှန်းချက်တခုဆိုတာကို ထည့်သွင်းထားပါတယ်။ ဒါ့အပြင် မြို့ပြနဲ့ ကျေးလက်ဒေသတွေအကြားက ကွာဟမှုကိုလည်း တတ်နိုင်သမျှလျှော့ချဖို့ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးဖို့ ကြိုးပမ်းပေးမယ်။ တရုတ်ဈေးကွက်ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ ပြန်လည်စိတ်ဝင်စားလာအောင် ‘ပွင့်လင်းမြင်သာတဲ့၊ တည်ငြိမ်ပြီး ကြိုတင်ခန့်မှန်းနိုင်တဲ့’ မူဝါဒတွေချမှတ်ပြီး ဆွဲဆောင်သွားမယ်လို့ ကတိကဝတ်ပြုထားပါတယ်။

အမေရိကန်နိုင်ငံအပါအဝင် ဒေသတွင်းမဟာမိတ်တွေနဲ့ တရုတ်နိုင်ငံအကြား ရေကြောင်းဆိုင်ရာတင်းမာမှုတွေမှာ အမျိုးသားလုံခြုံရေးကိုမြှင့်တင်ပြီး တရုတ်နိုင်ငံရဲ့ ရေပိုင်နက်ဆိုင်

- ရာအခွင့်အရေးနဲ့ အကျိုးစီးပွားတွေကို ကာကွယ်ရေးအတွက် အရည်အသွေးရှိတဲ့ တိုက်ခိုက်ရေးတပ်ဖွဲ့သစ်တွေ ဖော်ဆောင်ဖို့နဲ့ လာမယ့်ငါးနှစ်အတွင်း တရုတ်ရဲ့စစ်ဘက်ဆိုင်ရာ ဩဇာကို ထူထောင်ဖို့ ပြင်ဆင်ချက်တွေကို စာတမ်းမှာ အသေးစိတ်ဖော်ပြထားပါတယ်။

ကွန်မြူနစ်ပါတီအနေနဲ့ အဖွဲ့အစည်းတွေအပေါ် တံခါးဖွင့်ဝါဒကျင့်သုံးမှုကို ဖြေးဖြေးမှန်မှန် ချဲ့ထွင်သွားမှာဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့သက်ဆိုင်တဲ့ တိုင်းတာမှုတွေနဲ့ ပြုပြင်ပြောင်းလဲမှုတွေကို နက်နက်ရှိုင်းရှိုင်းဆောင်ရွက်မှာ ဖြစ်တယ်လို့ ဆိုပါတယ်။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ပတ်သက်တဲ့ စီမံခန့်ခွဲရေးစနစ်တွေကိုလည်း ပြုပြင်ပြောင်းလဲသွားမယ်လို့ ကတိပြုထားပါတယ်။ လူမှုရေးတည်ငြိမ်မှုကို အထိရောက်ဆုံးလုပ်ဆောင်ဖို့၊ ဉာဏပိုင်ဆိုင်ရာအန္တရာယ်တွေကို ထိထိရောက်ရောက်ကာကွယ်ဖို့ကြိုးပမ်းမယ်၊ ပါတီဗဟိုကော်မတီနဲ့ ပါတီတခုလုံးမှာ တရုတ်သမ္မတရှီကျင့်ဖျင်ရဲ့ အဓိကနေရာကို ထိန်းသိမ်းရမယ်၊ ဗဟိုကော်မတီရဲ့အာဏာနဲ့ စုစည်းတည်ငြိမ်စွာ ဦးဆောင်နိုင်မှုကို ထိန်းသိမ်းရမယ်လို့လည်း မျက်နှာစုံညီအစည်းအဝေးအပြီး ကြေညာချက်မှာ ထည့်သွင်းပြောဆိုခဲ့ပါတယ်။

အစည်းအဝေးမှာဆွေးနွေးခဲ့ကြတဲ့ မဟာဗျူဟာစာတမ်းနဲ့ပတ်သက်လို့ လေ့လာသုံးသပ်သူတွေကတော့ လက်ရှိ မစ္စတာရှီကျင့်ဖျင်ဦးဆောင်တဲ့ အစိုးရရဲ့အုပ်ချုပ်ရေးနဲ့ ပြုပြင်ပြောင်းလဲရေးတွေကို ခိုင်မြဲအောင်၊ လက်ရှိအာဏာကို ခိုင်မာအောင်သာ လုပ်တာဖြစ်ပြီး လက်တွေ့ကျတဲ့ ပွင့်လင်းမြင်သာတဲ့ စီးပွားရေးအပြောင်းအလဲမူဝါဒအသစ်တွေကို ပြဋ္ဌာန်းတာမဟုတ်ဘူးလို့ ဝေဖန်ထားကြပါတယ်။

အိမ်ခြံမြေအကျပ်အတည်း ပြဿနာတွေဟာ ကာလရှည်ကြာတွေ့နေတာကြောင့် ဆေးမြီးတိုနဲ့ ဖြေရှင်းဖို့မလွယ်ဘဲ ရင်းနှီးမြှုပ်နှံမှုတွေ လျော့ကျနေပြီး အဲဒီအကျိုးဆက်ကြောင့် စီးပွားရေးတိုးတက်မှု ဆက်လက်နှေးကွေးနေမယ်လို့ သုံးသပ်ကြပါတယ်။ တရုတ်နိုင်ငံအစိုးရအနေနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်ပြီး ပိုမိုသိသာထင်ရှားတဲ့ အပြောင်းအလဲတွေ၊ မူဝါဒတွေ မဖော်ဆောင်နိုင်ရင် နိုင်ငံ့စီးပွားရေးကျဆင်းမှုက လာမယ့်နှစ်တွေမှာ ပိုမိုဆိုးရွားနိုင်တယ်လို့ ဆိုကြပါတယ်။ ■

## အကြံပြု မေးမြန်းနိုင်ပါသည်

### FEEDBACK & FEEDFORWARD

'ISP ကပြင်ရပ်ဝန်း'ဆိုတာ လူမှုအသိုက်အဝန်းတခုလို ဖွဲ့စည်းထားတာပါ။ တကြောင်းသွား ဆက်ဆံရေးမျိုး မဟုတ်ပါဘူး။ ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေဆီက အမြင်တွေလည်း ပြန်လည်ကြားသိချင်ပါတယ်။ တုံ့ပြန်အမြင်တွေနဲ့ အကြံပြုချက်တွေကိုလည်း မျှော်လင့်ပါတယ်။ 'ISP ကပြင်ရပ်ဝန်း'ကို ချစ်ခြင်းနဲ့ စည်ပင်မြိုင်ဆိုင်တဲ့ ရပ်ဝန်းတခု ဖြစ်စေလိုပါတယ်။

ဒါကြောင့် အကြံပေးချင်တာ၊ ထပ်သိချင်တာ၊ ပြောပြချင်တာ၊ ဆွေးနွေးချင်တာရှိရင် အခု လက်ခံရရှိတဲ့မေးလ်ကို ပြန်ပြီး ဆက်သွယ်ပြောပြလို့ရသလို၊ 'ISP ကပြင်ရပ်ဝန်း'ဝက်ဘ်ဆိုက်စာမျက်နှာမှာလည်း မှတ်ချက်ဝင်ရေးရင်း လင်းပွင့်လွတ်လပ်စွာ ပြောဆိုဆွေးနွေးနိုင်ပါတယ်။ ဒါ့အပြင် ဖုန်းနံပါတ် +၆၆ ၈၀ ၇၄၇ ၉၇၁၂ ကို ဆက်သွယ်ပြီး Signal, Whatsapp, Viber, Line တွေကတဆင့် လုံခြုံစိတ်ချစွာ ချိတ်ဆက်ဆွေးနွေး ပြောဆိုလို့လည်းရပါတယ်။

| ISP Telegram | ISP YouTube | ISP X (Twitter) |
| --- | --- | --- |

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai, 50202.